စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE
# ဈေးကွက်သတင်းလွှာ

myantrade

**အမှတ်စဉ် ၁၁/၂၀၂၂**

## ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- မန္တလေးဈေးကွက်တွင် နှမ်းဝါ အရောင်းအဝယ်ကောင်းမွန်လာ၍ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၅၅၀၀၀ ထိ ပေါက်ဈေးရှိလာ
- မန္တလေးဈေးကွက်အတွင်း ငရုတ်သီးအစိုတစ်ပိဿာ ငွေကျပ် ၅၀၀၀ ထိပေါက်ဈေးရရှိ
- ဥစိုက်ကြက်သွန်နီအသစ်များ ကျောက်ဆည်ဈေးကွက်သို့ဝင်ရောက်လာ

### နိုင်ငံတကာဈေးကွက်

- ဂျာမနီနိုင်ငံ၏ စီးပွားရေး၊ ကုန်သွယ်ရေးအခြေအနေ
- အာရှနှင့် ပစိဖိတ်ဒေသ၏ စားနပ်ရိက္ခာဖူလုံရေး
- ၂၀၂၂ နှင့် ၂၀၂၃ ရေနံ လိုအပ်ချက်ကြီးထွားနှုန်း အိုပက်လျှော့ချခန့်မှန်း
- စက်သုံးဆီတင်သွင်းမှုအတွက် နိုင်ငံခြားငွေလွယ်ကူမြန်ဆန်စွာ ရရှိနိုင်စေရန် ဗီယက်နမ်နိုင်ငံဗဟိုဘဏ်ကို ညွှန်ကြား
- ဩစတြေးလျနိုင်ငံက ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေး အလေးထားဆောင်ရွက်မည်
- အရှေ့တောင်အာရှမှအုန်းသီး တရုတ်နိုင်ငံ ဝယ်လိုအားပိုမိုမြင့်တက်
- တရုတ်နိုင်ငံသည် တန်ဖိုးမြှင့်တင် ထုတ်လုပ်မှုတွင် ကမ္ဘာလုံးဆိုင်ရာ ပထမအဆင့်ဖြစ်
- အာဂျင်တီးနားနိုင်ငံ ကျေးလက်ဒေသ၌ ဆိုလာစွမ်းအင်ဖြင့် လျှပ်စစ်မီးထုတ်လုပ်ရန် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၇ သန်း ခွင့်ပြု
- တရုတ်ဈေးကွက်အတွက် ထုပ်ပိုးမှုပြုပြင်ထားသည့် ထိုင်းအုန်းသီးအမယ်သစ်အား ဝယ်လိုအားပိုမိုမြင့်မားလာ
- အိန္ဒိယအစိုးရ သကြားတင်ပို့မှုအပေါ် ကန့်သတ်ချက် သက်တမ်းတိုး

### ပြည်တွင်းကုန်သွယ်မှုသတင်း

- တနင်္သာရီတိုင်းဒေသကြီးမှထွက်ရှိသည့် ရေထွက်ကုန်များကို ကုန်ချောအဖြစ်ပြောင်းလဲထုတ်လုပ်ရန် ငါးလေလံဈေးကွက်ဖော်ဆောင်နေ
- "တတိယအကြိမ် မြန်မာ(လားရှိုး)- တရုတ်(လင်ချန်း) နယ်စပ်စီးပွားရေးနှင့်ကုန်စည်ပြပွဲ" ဖွင့်ပွဲအခမ်းအနားအွန်လိုင်းမှ ကျင်းပ
- နယ်စပ်ကုန်သွယ်ရေးတွင် ပို့ကုန်၊ သွင်းကုန်ပစ္စည်းများ တင်သွင်းမှုများကို ဘဏ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသွားမည်

### ပြည်ပကုန်သွယ်မှုသတင်း

- မြန်မာဆန် ဒုတိယအများဆုံး ဖိလစ်ပိုင်ဝယ်ယူခဲ့
- ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း ပြည်ပသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှတစ်ဆင့် ရော်ဘာတန်ချိန် ၈၈၀၀ ကျော် တင်ပို့ခဲ့ပြီး ယခင်လထက်တန်ချိန် ၃၅၀၀ ကျော် တင်ပို့မှုလျော့ကျ
- ထိုင်းနိုင်ငံဘန်ကောက်မြို့၌ကျင်းပမည့် နိုင်ငံတကာထုတ်ကုန်ပြပွဲအတွက် မြန်မာ့ထွက်ကုန် ထောပတ်သီးများကို ပြသသွားမည်
- ရှမ်းပြည်နယ်(တောင်ပိုင်း) မှ နှင်းဆီနှင့်ဂန္ဓာမာပန်းများ မလေးရှားဈေးကွက်သို့ စမ်းသပ်တင်ပို့

ကုန်သွယ်မှုသတင်းအချက်
အလက်နှင့်သုတေသန
ဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၄၁၆
http://www.myantrade.org
myantradetir2018@gmail. com

- ယခုနှစ်တွင် မြန်မာထွက်ကုန် ကော်ဖီတန်ချိန် ၁၀,၀၀၀ ပြည်ပနိုင်ငံများသို့ တင်ပို့ရန်စီစဉ်နေ
- ဘင်္ဂလားဒေ့ရှ်တွင် ဈေးကွက်ရရှိနေသော မြန်မာ့အုန်းသီး

**အထူးဆောင်းပါးများ**

- ဆယ်နှစ်တာ တည်ငြိမ်လာတဲ့ ကမ္ဘာ့ဆန်ဈေး အိန္ဒိယပယောဂကြောင့်ပြန်တက်တော့မည်
- ကမ္ဘာ့ဆန်ဈေး အလားအလာ ဆန်းစစ်ချက်
- ပြည်ပသို့ တင်ပို့သည့် သို့မဟုတ် ပြည်ပမှ တင်သွင်းသည့် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနှင့် ပဲပုပ်ဆီတို့၏ အရည်အသွေး သတ်မှတ်သည့်အမိန့်
- အကောက်ခွန်နှုန်း လျှော့ချသတ်မှတ်ခြင်း

**ကုန်သွယ်မှုအခြေအနေ၊ ကုန်စည်ဈေးနှုန်းများ**

## ပြည်တွင်းဈေးကွက်

### မန္တလေးဈေးကွက်တွင် နှမ်းဝါအရောင်းအဝယ်ကောင်းမွန်လာ၍ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၅၅၀၀၀ ထိပေါက်ဈေးရှိလာ

မန္တလေးဈေးကွက်တွင် နှမ်းဝါအရောင်းအဝယ်ကောင်းမွန်လာ၍ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၅၅၀၀၀ ထိ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။ ယခင်က မန္တလေးဈေးကွက်အတွင်း၌ နှမ်းဝါအရောင်းအဝယ်အေးနေခဲ့ကြောင်း၊ မြန်မာနိုင်ငံမှ ထွက်ရှိသည့် နှမ်းဝါများ ကို ယခုအခါ ပြည်ပက ဝယ်ယူမှုများရှိလာသောကြောင့် ပြည်တွင်း၌ နှမ်းဝါများ အရောင်းအဝယ်ကောင်းမွန်လာကာ မန္တလေး ဈေးကွက်၌လည်း အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"အခုလက်ရှိအချိန်မှာ နှမ်းဝါတွေကို ပြည်ပကကော ပြည်တွင်းကပါ ဝယ်ယူမှုများလာပြီး အရောင်းအဝယ်က အရင်ကထက် ပိုပြီးကောင်းလာတာကြောင့် ဈေးကောင်းပြန်ရလာပါတယ်။ အခုလောလောဆယ်တော့ နှမ်းဝါအရောင်းအဝယ်ဖြစ်ပြီး ကောင်းလာတယ်။ အခုတစ်လော ပြည်ပက အဝယ်ပြန်များလာတယ်။ အရင်က ပြည်ပကလည်း အဝယ်မရှိတာကြောင့် အရောင်းအဝယ်အေးနေခဲ့တယ်။ အခုတော့ နှမ်းဝါတွေ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်နေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း အောက်တိုဘာလ ပထမပတ်က နှမ်းဝါဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၅၀,၀၀၀ သာပေါက်ဈေးရှိခဲ့သော်လည်း အောက်တိုဘာ ၂၅ ရက်က နှမ်းဝါဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၅၅,၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော် အသင်း(မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

Source: ရတနာပုံသတင်းစာ

### မန္တလေးဈေးကွက်အတွင်း ငရုတ်သီးအစိုတစ်ပိဿာ ငွေကျပ် ၅၀၀၀ ထိပေါက်ဈေးရရှိ

မန္တလေးတိုင်းဒေသကြီးအတွင်း ဒေသစုံမှ ထွက်ရှိလာသည့် ငရုတ်သီးအစိုများ မန္တလေးဈေးကွက်အတွင်း တစ်ပိဿာလျှင်ကျပ် ၅၀၀၀ ပေါက်ဈေးထိ ရရှိနေကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး အသင်းမှ သိရသည်။

ငရုတ်များကို ယခုအချိန်တွင် ပြင်ဦးလွင်၊ ပျော်ဘွယ်၊ ဝမ်းတွင်း၊ မိတ္ထီလာနယ်တစ်ဝိုက်နှင့် ရမည်းသင်းနယ် ဒေသတို့မှ ထွက်ရှိပြီး ဈေးကွက်အတွင်း ငရုတ်သီးအစိုဈေး တစ်ပိဿာလျှင် ကျပ် ၄၀၀၀ မှ ကျပ် ၅၀၀၀ ပေါက်ဈေးတို့ဖြင့် ရောင်းချပေးလျက်ရှိရာ ဈေးကောင်းများရရှိနေကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ဥက္ကဋ္ဌက ပြောကြားသည်။

"ခုချိန်ကတော့ နယ်စုံဒေသက ငရုတ်တွေ ထွက်ရှိနေပါတယ်။ ထွက်ရှိလာတဲ့ ငရုတ်တွေကို တောင်သူများက မန္တလေးဈေးကွက်ကို တင်ပို့ရောင်းချတဲ့အခါ အစိုတစ်ပိဿာကို ကျပ် ၄၀၀၀ ကနေ ငွေကျပ် ၅၀၀၀ ဈေးရရှိနေပါတယ်။ ပြီးခဲ့တဲ့လတွေက တစ်ပိဿာကို ကျပ် ၃၅၀၀ ရှိခဲ့ပါတယ်။ အခုလက်ရှိမှာ ငရုတ်ဈေးကတော့ ၆၉၂ ငရုတ်မျိုးတစ်ပိဿာကို ကျပ် ၅၀၀၀ ပေါက်ဈေးရှိတယ်။ တောင်သူတွေအတွက်ကတော့ ထွက်ပေါက်တစ်ခုအနေနဲ့ အဆင်ပြေတယ်လို့ ပြောလို့ရပါတယ်။ အခုချိန်မှာ ပြည်တွင်းဈေးကွက်ကိုတော့ ရောင်းချနေပါတယ်။ ငရုတ်အမှည့်အစိုတွေကို ပြည်ပနိုင်ငံတွေသို့ တင်ပို့ရောင်းချလျက်ရှိပါတယ်" ဟုငင်းကရှင်းပြသည်။

Source: https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5201-in-the-mandalay-market,-a-pound-of-raw-chilies-fetches-up-to-5,000-kyats.html

## ဥစိုက်ကြက်သွန်နီအသစ်များ ကျောက်ဆည်ဈေးကွက်သို့ဝင်ရောက်လာ


မန္တလေးတိုင်းဒေသကြီး ကြက်သွန်နီစိုက်မြို့နယ်တစ်ခုဖြစ်သည့် ကျောက်ဆည်နယ်ရှိ ကုန်းကြီး၊ ဘုံကွင်း၊ စဥ့်ကွန်း၊ စမာ၊ ကျီပြ၊ ရွာသာအေး၊ ကျီးအိပ်ကျေးရွာများမှ ကြက်သွန်နီအသစ်များ ကျောက်ဆည်ဈေးကွက်သို့ အနည်းငယ်စတင်ဝင်ရောက်နေပြီး လက်လီတစ်ပိဿာ ကျပ် ၂၅၀၀/၂၆၀၀ ဖြင့်အရောင်းအဝယ်နေပြီး၊ ယခင်နှစ်ကြက်သွန်နီ (ဟောင်း)မှာ တစ်ပိဿာ လက်ကားဈေးနှုန်း ၂၇၀၀/ ၃၀၀၀/၃၂၀၀ လက်လီဈေးနှုန်းကျပ် ၂၉၀၀/၃၄၀၀/၃၆၀၀ဖြင့် ရောင်းဝယ်နေကြောင်း သိရသည်။


ဥစိုက်ကြက်သွန်နီကို အရည်အသွေးအရ တာရှည်အထားမခံ၍ စိုက်ပျိုးမှုနည်းကြောင်း၊ နှစ်စဉ် စိုက်ပျိုးသော်လည်း ယခုနှစ်ကဲ့သို့ဈေးကောင်းရသည့်နှစ်မှသာပိုမိုစိုက်ပျိုးလေ့ရှိကြောင်းသိရသည်။ ဥစိုက် ကြက်သွန်နီမှာ အရည်အသွေးအရ လှောင်လက်ပွဲရုံများမှဝယ်ယူမှုမရှိပဲ သုံးစွဲရန်အတွက် ဈေးကိုက်သော အိမ်ရှင်မများသာ မီးဖိုချောင်သုံးအဖြစ် အများဆုံးဝယ်ယူမှုရှိပြီး ဈေးကွက်ဝင်ရောက်ချိန်ကာလတို ကြောင်းသိရသည်။ Source: ရတနာပုံကုန်သွယ်မှုဖဟိုဌာန

# နိုင်ငံတကာဈေးကွက်

## ဂျာမနီနိုင်ငံ၏ စီးပွားရေး၊ ကုန်သွယ်ရေးအခြေအနေ

ဂျာမနီနိုင်ငံတွင် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် Federal Statistical Office (Destatis)၏ စာရင်းများအရ ငွေကြေးဖောင်းပွမှုနှုန်း (၁၀) ရာခိုင်နှုန်းထိ ရောက်ရှိခဲ့ပြီး သြဂုတ်လထက် (၁ ဒသမ ၉) ရာခိုင်နှုန်း ပိုမိုတိုးတက်လာခဲ့သည်။ စွမ်းအင်ကဏ္ဍဈေးနှုန်းများကို ထည့်သွင်းတွက်ချက်ခြင်း မပြုပါက ငွေကြေးဖောင်းပွမှုနှုန်းသည်(၆) ရာခိုင်နှုန်းတွင်ရှိနေပါသည်။ စွမ်းအင်ကဏ္ဍဈေးနှုန်းများသည် စက်တင်ဘာလတွင် သြဂုတ်လထက် (၄၃ ဒသမ ၉) ရာခိုင်နှုန်းမြင့်တက်ခဲ့ရာ အိမ်ထောင်စုများမှသုံးစွဲသော အပူပေးဓါတ်ငွေ့၊ လောင်စာစွမ်းအင်နှင့် လျှပ်စစ်ဓါတ်အားဈေးနှုန်းများအသီးသီး မြင့်တက်ခဲ့မှုကြောင့်ဖြစ်ကြောင်း၊ စားသောက်ကုန်ကဏ္ဍတွင် ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ဈေးနှုန်းများ တစ်ဖြည်းဖြည်း မြင့်တက်လာခဲ့ရာ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ၂၀၂၁ ခုနှစ် ကာလတူထက် (၁၈ ဒသမ ၇)ရာခိုင်နှုန်း ပိုမိုမြင့်တက်လာခဲ့ပြီး အခြားကုန်စည်ဈေးနှုန်းများက (၁၇ ဒသမ ၂) ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍက (၃ ဒသမ ၆) ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့ပါသည်။ အလုပ်အကိုင်ရရှိမှုအနေဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍ(လုပ်သားဦးရေ၅၀နှင့်အထက်လုပ်ငန်းများ)တွင် အလုပ်အကိုင်ခန့်ထားလုပ်ကိုင်မှုများမှာ ၂၀၂၂ ခုနှစ် သြဂုတ်လ တွင် (၅ ဒသမ ၅)သန်းခန့်ရှိပြီး ၂၀၂၁ ခုနှစ် ကာလတူထက် ၁ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ခရီးသွားလာတည်းခိုမှုများနှင့် အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းများ၏ဝင်ငွေသည် ယခင်နှစ်ကာလတူထက် (၁၆ ဒသမ ၉) ရာခိုင်နှုန်းမြင့်တက်ခဲ့သော်လည်း ဇူလိုင်လထက် (၀ ဒသမ ၆) ရာခိုင်နှုန်းလျော့နည်းခဲ့ကြောင်း တွေ့ရှိရပါသည်။




ဂျာမနီနိုင်ငံစီးပွားရေးကို ၂၀၂၃ခုနှစ်တွင် ကျဆင်းလာရန် ခန့်မှန်းမှုများရှိနေပြီး ဖက်ဒရယ် စီးပွားရေးဝန်ကြီးဌာနက စီးပွားရေးတိုးတက်မှုနှုန်းကို ယခုနှစ်အတွက် ၁.၄ ရာခိုင်နှုန်းနှင့် ရှေ့နှစ် အတွက် ၀ ဒသမ ၄ ရာခိုင်နှုန်းရရှိရန် ခန့်မှန်းထားရှိရာ ယခုနှစ် ဧပြီလအတွင်းက မူလခန့်မှန်းထားရှိသည့် ၂ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၂ ဒသမ ၅ ရာခိုင်နှုန်းတို့ထက် လျော့နည်းခန့်မှန်းထား ခြင်းဖြစ်ပါသည်။ စီးပွားရေးကျဆင်းမှုအတွက် ဖယ်ဒရယ်အစိုးရအနေဖြင့် တုံ့ပြန်ဆောင်ရွက်မည့်နည်းလမ်းများ၊ Relief Packages အစီအစဉ်များ (grants and tax cuts )ကို စောင့်ကြည့်မျှော်လင့်လျက်ရှိကြပါသည်။

**ကုန်သွယ်မှုအခြေအနေ**

ကုန်သွယ်မှုပိုင်းအနေဖြင့် ၂၀၂၂ခုနှစ်သြဂုတ်လတွင် Federal Statistical Office (Destatis)၏ စာရင်းထုတ်ပြန်ချက်အရ ဂျာမနီနိုင်ငံသည် ပို့ကုန်တန်ဖိုး စုစုပေါင်း ယူရို (၁၂၈ ဒသမ ၇)ဘီလီယံရှိခဲ့ပြီး ၂၀၂၁ ခုနှစ် ကာလတူထက် (၂၃ ဒသမ ၁) ရာခိုင်နှုန်းပိုမိုတိုးတက်မှုရှိခဲ့ပါသည်။ အမေရိကန်နိုင်ငံသည်အဓိကပို့ကုန်ဈေးကွက်ဖြစ်ပြီး သြဂုတ်လကထက် (၄၂) ရာခိုင်နှုန်း ပိုမိုတိုးတက် တင်ပို့နိုင်ခဲ့ပြီး အများဆုံး ပို့ကုန်များမှာ မော်တော်ကား၊ နောက်တွဲယာဉ်များဖြစ်ကာ အခြားအများဆုံး တင်ပို့ခဲ့သည့်နိုင်ငံများမှာ ပြင်သစ်နှင့်နယ်သာလန်နိုင်ငံတို့ဖြစ်ကြပါသည်။ သွင်းကုန်တန်ဖိုးအနေဖြင့် ၂၀၂၂ ခုနှစ် သြဂုတ်လတွင် ယူရို (၁၂၈ ဒသမ ၄) ဘီလီယံရှိခဲ့ရာ ၂၀၂၁ ခုနှစ် ကာလတူထက် (၃၈ ဒသမ ၁) ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ပြီး တရုတ်နိုင်ငံသည် ယူရို (၁၅ ဒသမ ၉) ဘီလီယံဖြင့် အဓိကသွင်းကုန်တင်သွင်းသူဖြစ်ခဲ့ပါသည်။ ရုရှားနိုင်ငံမှ ရေနံနှင့်ဓါတ်ငွေ့တင်သွင်းမှုများ လျော့ကျခဲ့ပြီး သြဂုတ်လသွင်းကုန်မှာ ၂၀၂၁ ခုနှစ် ကာလတူထက် (၅၉ ဒသမ ၄) ရာခိုင်နှုန်းလျော့နည်း၍ ယူရို (၂ ဒသမ ၇) ဘီလီယံရှိခဲ့ပြီး ပို့ကုန်မှာ ယူရို (၁ ဒသမ ၂)ဘီလီယံရှိခဲ့ခြင်းကြောင့် သွင်းကုန်လျော့ကျမှုရှိလာသော်လည်း လက်ရှိအခြေအနေတွင် ရုရှားနိုင်ငံနှင့် ကုန်သွယ်မှုတွင် သွင်းကုန်ကပို့ကုန်ထက်များနေဆဲဖြစ်သည်။ အမေရိကန်နိုင်ငံနှင့်မှု ပို့ကုန် အသာစီးရရှိပြီး သြဂုတ်လတွင် နှစ်နိုင်ငံကုန်သွယ်မှုမှ ပို့ကုန်ပိုငွေ ယူရို (၄ ဒသမ ၉) ဘီလီယံ ရှိခဲ့ပါသည်။ စုစုပေါင်း ကုန်သွယ်မှုအနေဖြင့် ဂျာမနီနိုင်ငံတွင် သြဂုတ်လ၌ ကုန်သွယ်မှုပိုငွေ ယူရို(၀ ဒသမ ၃)ဘီလီယံရှိခဲ့ပြီး ၂၀၂၁ခုနှစ် ကာလတူတွင် ပိုငွေ (၁၁ ဒသမ ၆) ဘီလီယံရှိခဲ့ကြောင်း သိရှိရပါသည်။

**မြန်မာနိုင်ငံနှင့်ကုန်သွယ်မှု**

ဂျာမနီနိုင်ငံတွင် ၂၀၂၂ ခုနှစ်၊ သြဂုတ်လ၌ မြန်မာနိုင်ငံသို့ ပို့ကုန် ယူရို (၅ ဒသမ ၂၄၈)သန်း (အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၁၄သန်း) နှင့် သွင်းကုန် ယူရို (၁၄၉ ဒသမ ၃၁၃)သန်း (အမေရိကန်ဒေါ်လာ ၁၅၁ ဒသမ ၂၂၉သန်း)ရှိခဲ့ကြောင်း Federal Statistical Office (Destatis)၏ စာရင်းများအရ လေ့လာတွေ့ရှိရပါသည်။ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ပို့ကုန် အမေရိကန် ဒေါ်လာ (၅ ဒသမ ၄၆၈)သန်းနှင့် သွင်းကုန် အမေရိကန် ဒေါ်လာ (၁၁၃ ဒသမ ၇၈)သန်းနှင့် နှိုင်းယှဉ်လျှင် CMP အထည်ချုပ် လုပ်ငန်းများတင်သွင်းမှု ပိုမိုများပြားလာပြီး အီလက်ထရောနစ် စက်ပစ္စည်းအစိတ်အပိုင်းများ၊ ပရိဘောဂများ၊ ရော်ဘာ၊ ပလပ်စတစ်၊ အထွေထွေ အသုံးအဆောင်များ စသည့်ပစ္စည်းများကိုလည်း ပိုမိုတင်သွင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

Source: https://www.dw.com/en/economy-recession-rears-its-ugly-head-in-germany/a-63444401
https://www.destatis.de/EN/Press/2022/10/PE22_439_51.html
https://www.destatis.de/EN/Press/2022/10/PE22_438_611.html

Source: ဒေါ်သီတာဝင်းဌေး -မြန်မာစီးပွားရေးသံမှူး၊ ဘာလင်မြို့

## အာရှနှင့် ပစိဖိတ်ဒေသ၏ စားနပ်ရိက္ခာဖူလုံရေး

အာရှနှင့်ပစိဖိတ်ဒေသတွင် စားနပ်ရိက္ခာဖူလုံရေးသည် စိန်ခေါ်မှုများရှိလာပြီး ရာသီဥတုပြောင်းလဲမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးလာရခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုများကိုလျော့ပါးစေရန် ၂၀၂၂-၂၀၂၅ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံခန့် အထောက်အပံ့ ပေးအပ်သွားမည်ဟု အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က ကြေညာထားပါသည်။

ယခုနှစ်တွင် သိသိသာသာ မြင့်တက်ခဲ့သော စားသောက်ကုန်ဈေးနှုန်းများနှင့် ဆင်းရဲမွဲတေမှုတို့ကြောင့် ဒေသတွင်း အစားအစာ ကူညီထောက်ပံ့သည့် တုံ့ပြန်ဆောင်ရွက်မှုများအတွက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့်သုံးစွဲခဲ့ပြီး၊ ယခုပမာဏသည် ပိုမိုများပြားသည့် အထောက်အပံ့ဖြစ်လာမည် ဖြစ်ပါသည်။ ADB သည် ဒေသတွင်းရှိ လယ်ယာသွင်းအားစုများ၊ အစားအစာထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး စသည့် ကဏ္ဍများတွင် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်း အသစ်များမှတစ်ဆင့် အကူအညီများပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသတွင်းစွမ်းအင်အကူးအပြောင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်ဒေသစီးပွားရေး၊ ထိရောက်သောပတ်ဝန်းကျင်စီမံခန့်ခွဲမှု၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများကဲ့သို့ စားနပ်ရိက္ခာ ဖူလုံရေးကို အထောက်အကူပြုသည့် ကဏ္ဍများတွင်လည်း အကူအညီများပေးအပ်သွားမည် ဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများသည် ပိုမိုဆိုးရွားလာသဖြင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများကို မပျက်စီးစေရေးအတွက် ဆောင်ရွက်ရန်လိုအပ်လာပြီး ဒေသတွင်းရှိ ဝင်ငွေနည်းသော မိသားစုများအတွက် အရေးတကြီးလိုအပ်နေသည့် အထောက်အပံ့ဟု ADB က လက်ခံထားပါသည်။ ရာသီဥတုဖောက်ပြန်မှု၏ အကျိုးဆက်များ၊ ကူးစက်ရောဂါဖြစ်ပွားမှုနှင့် လယ်ယာလုပ်ငန်းဆောင်ရွက်မှု အလေ့အကျင့်ကောင်းများ လျော့နည်းခြင်းတို့ကြောင့် ကမ္ဘာ့ဈေးကွက်တွင် အစားအစာ

ဈေးနှုန်းများကြီးမြင့်လာခြင်း၊ ထောက်ပံ့မှု ပြတ်လပ် ခြင်းများဖြစ်ပေါ်ခဲ့ပြီး ရုရှား-ယူကရိန်း တင်းမာမှုကြောင့် ပိုမိုဆိုးရွားသည့် အခြေအနေများ ဖြစ်ပေါ်လျက်ရှိပါသည်။

ရာသီဥတုပြောင်းလဲမှုနှင့် မြေဆီလွှာ၊ ရေချိုနှင့် အဏ္ဏဝါဂေဟစနစ်များ ပျက်စီးယိုယွင်းမှုဖြစ်ပေါ် လာစေမည့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးတိုးခြင်းမှကာကွယ်ရန်နှင့် ဒေသတွင်းသဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ရေးသည် ရေရှည် မျှော်မှန်းချက်တစ်ခုဖြစ်ပြီး လယ်သမားများနှင့် လယ်ယာစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးသွားရန်ဖြစ်ပါသည်။ ADB ၏ အကူအညီပေးရေးအစီအစဉ်ကို ယခုနှစ် ၂၀၂၂ ခုနှစ်တွင် စတင်သွားမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်အထိ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

Source: https://www.adb.org/news/adb-plans-14-billion-ease-food-crisis-promote-long-term-food-security-asia-and-pacific

Source: လဲ့လဲ့နှင်း (MYANTRADE)

## ၂၀၂၂ နှင့် ၂၀၂၃ ရေနံ လိုအပ်ချက် ကြီးထွားနှုန်း အိုပက် လျှော့ချခန့်မှန်း

၂၀၂၂ အတွက် ကမ္ဘာ့ရေနံဝယ်လိုအား ကြီးထွားနှုန်း ခန့်မှန်းချက်ကို OPEC က ဗုဒ္ဓဟူးနေ့ (အောက်တိုဘာ ၁၂ ရက်)မှာ လျှော့ချခန့်မှန်းပါတယ်။ ဧပြီလ နောက်ပိုင်း စတုတ္ထအကြိမ်မြောက် လျှော့ချခန့်မှန်းလိုက်တာ ဖြစ်ပါတယ်။ နောက်နှစ် ၂၀၂၃ အတွက်ကိုလည်း လျှော့ချခန့်မှန်းပါတယ်။ စီးပွားရေးများ နှေးနေခြင်း၊ ငွေဖောင်းပွမှုနှုန်း မြင့်မားခြင်း၊ တရုတ်ပြည်မှာ COVID-19 လော့ဒေါင်းများ ဖြစ်ပွားနေခြင်းတို့ကြောင့် ရေနံ သုံးစွဲမှု လျော့နည်းမယ်လို့ အိုပက်က ခန့်မှန်းပါတယ်။

ရေနံ လိုအပ်ချက်သည် ၂၀၂၂ ခုနှစ်တွင် တစ်ရက်လျှင် စည်ပေါင်း barrels per day (bpd) ၂ ဒသမ ၆၄ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၂ ဒသမ ၇ ရာခိုင်နှုန်းတိုးလာမယ်လို့ Organization of the Petroleum Exporting Countries (OPEC) က လစဉ်အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ယခင် ခန့်မှန်းခဲ့တာကို တစ်ရက်လျှင် စည်ပေါင်း ၄၆၀,၀၀၀ လျှော့ချပြီး ပြင်ဆင်ခန့်မှန်းပါတယ်။ "ကမ္ဘာ့စီးပွားရေးဟာ မသေချာမရေရာမှုတွေ မြင့်မားလာပြီး စိန်ခေါ်မှုတွေ မြင့်တက်လာတဲ့ကာလထဲသို့ ဝင်ရောက်နေပါပြီ။ ငွေဖောင်းပွမှုလည်း မြင့်တက်နေပါတယ်။ အဓိကကျတဲ့ ဗဟိုဘဏ်များကလည်း ငွေကြေးမူဝါဒများကို တင်းကျပ်နေပါတယ်။ အစိုးရကြွေးမြီများလည်း မြင့်မားနေပါတယ်" လို့ အိုပက်ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

လာမည့်နှစ်တွင် ရေနံဝယ်လိုအား တစ်ရက်လျှင် စည်ပေါင်း ၂ ဒသမ ၃၄ သန်း မြင့်တက်လာမယ်လို့ အိုပက်က ခန့်မှန်းပါတယ်။ ယခင်ခန့်မှန်းချက်ထက် တစ်ရက်လျှင် စည်ပေါင်း ၃၆၀,၀၀၀ လျော့နည်းပါတယ်။ ၂၀၂၃ မှာ တစ်ရက်လျှင် စည်ပေါင်း ၁၀၂ ဒသမ ၀၂ သန်း လိုအပ်လိမ့်မယ်လို့ ခန့်မှန်းပါတယ်။

Source REUTERS

Source: https://www.industrialdirectory.com.mm/article/opec-cuts-2022-2023-oil-demand-growth.html

## စက်သုံးဆီတင်သွင်းမှုအတွက် နိုင်ငံခြားငွေ လွယ်ကူမြန်ဆန်စွာရရှိနိုင်စေရန် ဗီယက်နမ်နိုင်ငံဗဟိုဘဏ်ကို ညွှန်ကြား

လောင်စာဆီ တင်သွင်းမှုအတွက် ပြည်တွင်းစက်သုံးဆီ ကုန်သည်များ နိုင်ငံခြားငွေ လွယ်ကူမြန်ဆန်စွာ ရရှိနိုင်စေရန် ဝန်ဆောင်မှု ပေးအပ်ဖို့ ဗီယက်နမ်အစိုးရက ဗီယက်နမ်နိုင်ငံဗဟိုဘဏ် State Bank of Vietnam ကို တောင်းဆိုခဲ့ကြောင်း စက်မှုနှင့်ကုန်သွယ်မှုဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့ (အောက်တိုဘာ ၁၉) တွင် ပြောကြားခဲ့သည်။ ဝန်ကြီးဌာနက စက်သုံးဆီ ရောင်းဝယ်ရေးကုမ္ပဏီများ ပြည်တွင်းဈေးကွက်အတွက် လောင်စာဆီများကို မြန်မြန်ဆန်ဆန်ဝယ်ယူနိုင်စေရန် အထောက်အကူဖြစ်စေမည်ဟု ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံတောင်ပိုင်းရှိ စက်သုံးဆီဆိုင်အများအပြား ပိတ်ထားခြင်း သို့မဟုတ် ကန့်သတ်ရောင်းချမှုများ ဖြစ်ပေါ်နေခဲ့ပြီးနောက် ရက်ပိုင်းအကြာတွင် အရေးတယူဆောင်ရွက်ခြင်းဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် ယခုနှစ်အတွင်း တင်သွင်းသည့် စက်သုံးဆီဈေးနှုန်းများ အဆမတန် မြင့်တက်ခြင်းနှင့် အမေရိကန်ဒေါ်လာဈေး အားကောင်းခြင်းတို့နှင့် ရင်ဆိုင်နေရပြီး လောင်စာဆီ တင်သွင်းမှု ပိုမိုဈေးကြီးနေသည်ကို ရင်ဆိုင်နေရသည်။ ဗီယက်နမ်၏ သန့်စင်ပြီး လောင်စာဆီတင်သွင်းမှုသည် ယခုနှစ် ပထမကိုးလတွင် တန်ချိန် ၆ ဒသမ ၅၂ သန်းရှိရာ ယမန်နှစ်ကထက် ၂၂ ဒသမ ၇ ရာခိုင်နှုန်း တိုးလာသော်လည်း သွင်းကုန်တန်ဖိုးမှာ ၁၃၁ ရာခိုင်နှုန်း တိုးခဲ့ပြီး ကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံအထိ မြင့်တက်ခဲ့ကြောင်း အစိုးရအကောက်ခွန်အချက်အလက်များအရသိရသည်။

Source Reuters

Source: https://www.industrialdirectory.com.mm/article/vietnam-central-bank.html

## သြစတြေးလျနိုင်ငံက ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေး အလေးထားဆောင်ရွက်မည်

သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် ဇူလိုင်လ ၁၂ ရက်က ကျင်းပခဲ့သည့် ဆစ်ဒနီစွမ်းအင်ဖိုရမ်၌ သြစတြေးလျရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးနှင့် စွမ်းအင်ဝန်ကြီးခရစ်ဘိုဝင်က သြစတြေးလျနိုင်ငံအနေဖြင့် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေးကို အလေးထားဆောင်ရွက်သွားမည်ဟု တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။ ထုတ်ပြန်ထားသည့်အတိုင်း ပထမဦးဆုံး ခြေလှမ်းအနေဖြင့် တစ်ကမ္ဘာလုံးဆိုင်ရာ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးစီမံချက်တွင် ပါဝင်လက်မှတ်ရေးထိုးရန် ဆုံးဖြတ်လိုက်ကြောင်း ဝန်ကြီးခရစ်ဘိုဝင်က အောက်တိုဘာ ၂၃ ရက်က အတည်ပြုခဲ့သည်ဟု IOL သတင်းဌာနက ယနေ့(၂၄.၁၀.၂၀၂၂) ရက်နေ့တွင် ရေးသားဖော်ပြခဲ့သည်။

တစ်ကမ္ဘာလုံးဆိုင်ရာ မီသိန်းဓာတ်ငွေ့လျှော့ချရေးစီမံချက်အရ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချနိုင်ရေး အတွက် သြစတြေးလျစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့တွင် မူဝါဒအသစ်ပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း၊ မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချနိုင်ရေးအတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍတို့တွင်လည်း ရင်းနှီးမြှုပ်နှံမှုများပြုလုပ်သွားရန် ပြင်ဆင် နေပြီး နည်းပညာအသစ်များ ဖန်တီးနိုင်ရန်အတွက်လည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၁ ဘီလီယံထိ အသုံးပြုသွား မည်ဖြစ်သည်။

"သြစတြေးလျနိုင်ငံအနေနဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး စီမံချက်မှာ ပူးပေါင်း ပါဝင်သွားဖို့ဆုံးဖြတ်လိုက်ပါတယ်။ ဒီစီမံချက်မှာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍကို အလေးထားတဲ့ နိုင်ငံတွေ အမြောက်အမြားပါဝင်လာပါတယ်။ အထူးသဖြင့် အမေရိကန်နိုင်ငံ၊ ဘရာဇီးနိုင်ငံတို့လို စိုက်ပျိုးရေးထွန်းကားတဲ့ နိုင်ငံတွေလည်း ပါဝင်လာပါတယ်။ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးကဏ္ဍအတွက် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချနိုင်ရေးက တော်တော်ကို အရေးပါတယ်"ဟု သြစတြေးလျရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးနှင့် စွမ်းအင်ဝန်ကြီး ခရစ်ဘိုဝင်က ပြောကြားခဲ့သည်။ Source: ရတနာပုံသတင်းစာ

## အရှေ့တောင်အာရှမှအုန်းသီး တရုတ်နိုင်ငံ ဝယ်လိုအားပိုမိုမြင့်တက်

တရုတ်နိုင်ငံမှ အုန်းသီးကြိုက်သူ Zhuang Yong က ထိုင်းနိုင်ငံမှတင်သွင်းတဲ့အုန်းသီးကို နည်းအမျိုးမျိုးဖြင့် ဝယ်ပါ တယ်။ နေ့စဉ်ဈေးသွားတဲ့အခါမှာ အုန်းသီး ဝယ်ဖြစ်ပါတယ်။ အွန်လိုင်းမှာလည်း ဝယ်ဖြစ်ပါတယ်။ ပြပွဲမှာလည်း ဝယ်ဖြစ်ပါ တယ်။ "အုန်းသီးရဲ့အရသာက လတ်ဆတ်ပြီး ချိုတယ်"လို့ Zhuang က ပြောပါတယ်။ သူက တရုတ်ပြည်တောင်ပိုင်း Guangxi Zhuang Autonomous Region မှ မြို့တော် နန်နင်းမှာ နေထိုင်သူ ဖြစ်ပါ တယ်။

မကြာသေးမီနှစ်များအတွင်း အရှေ့တောင်အာရှနိုင်ငံများမှအုန်းသီးများ တရုတ်နိုင်ငံတွင် လျင်မြန်စွာ ရေပန်းစားလာ ခဲ့ပြီး ကိတ်မုန့်၊ ကော်ဖီနှင့် ဟော့ပေါ့များ အပါအဝင် အစားအသောက်နှင့် အချိုရည်များတွင် တွင်ကျယ်စွာ အသုံးပြုကြပါတယ်။ အမျိုးမျိုးသော အုန်းသီးထုတ်ကုန်များက ကုမ္ပဏီများအတွက် အခွင့်အလမ်းသစ်များကို ပေးဆောင်ရင်း တရုတ်စားသုံးသူများ ၏ အရသာကိုကြွယ်ဝစေပါတယ်။ နန်နင်းမြို့မှ လက်ကားဈေးထဲမှာ ထိုင်းနိုင်ငံမှ အုန်းသီးများကို သေသေသပ်သပ် အစီအရီ ထားရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ များမကြာခင်မှာ စားသောက်ဆိုင်များ၊ အဖျော်ယမကာ စတိုးဆိုင်များ၊ စူပါမားကက်များ ဆီသို့ ရောက်ရှိသွားမှာ ဖြစ်ပါတယ်။

ထိုင်းနိုင်ငံမှာ ခူးထားတဲ့ အုန်းသီးများကို စနစ်တကျ သိုလှောင်ထားပြီး စက်ရုံတွေက ထုပ်ပိုးပေးကြပါတယ်။ ထို့နောက် တရုတ်ပြည်သို့ တင်ပို့ပါတယ်။ ကွမ်းရှီမှ ကုန်သွယ်ရေးကုမ္ပဏီတစ်ခုမှာ လက်ထောက်မန်နေဂျာအဖြစ် လုပ်ကိုင်နေသူ Mo Jiaming က ထိုင်းနိုင်ငံသို့ အကြိမ်များစွာ သွားရောက်ခဲ့ကြောင်း၊ အုန်းသီးတွေ အမြဲမပြတ်တင်ပို့ပေးဖို့ ထိုင်းစက်ရုံတွေနှင့် အရောင်းအဝယ်စာချုပ်များ ချုပ်ဆိုထားကြောင်း ပြောပြပါတယ်။

တရုတ်ပြည်တွင်းဈေးကွက်မှာ အုန်းသီးအရောင်းမြင့်တင်ရေးအတွက် တရုတ် e-commerce ပလက်ဖောင်းများဟာ အရေးပါတဲ့နေရာမှာ ရောက်ရှိနေပါတယ်။ သစ်သီးကုန်သည်များက အရောင်းချဲ့ထွင်ဖို့ ချန်နယ်များအဖြစ် အသုံးပြုကြပါတယ်။ အွန်လိုင်းမှာ အရှေ့တောင်အာရှ အုန်းသီးများ အရောင်းတွင်ကျယ်ပါတယ်။

အရင်တုန်းကတော့ အုန်းရည်သောက်ဖို့ ဓားနဲ့ခုတ်ပြီး အပေါက်ဖောက်ခဲ့ရတာ ပင်ပန်းခက်ခဲပြီး အန္တရာယ်လည်း များပါတယ်။ အခု အုန်းသီးကို အလွယ်တကူ အပေါက်ဖွင့်ဖို့ ကိရိယာတီထွင်ထားလို့ အုန်းရည်သောက်ဖို့ ပိုအဆင်ပြေလာ တယ်"လို့ Mo က ပြောကြားပါတယ်။ အုန်းရည် လတ်လတ်ဆတ်ဆတ်သောက်တာအပြင် အုန်းရည်နှင့်ကြက်သားကို ချက်ထား တဲ့ ဟော့ပေါ့ကလည်း စားသုံးသူများအကြား အတော်ရေပန်းစားပါတယ်။

"ကျွန်တော့်မိသားစုနဲ့ သူငယ်ချင်းတွေနဲ့ အုန်းကြက်သားဟော့ပေါ့ကို လစဉ်စားဖြစ်တယ်။ မစားဖြစ်ရင် တစ်ခုခု လိုနေသလိုခံစားရတယ်"လို့ နန်နင်းမှာ နေထိုင်သူ Lu Shuai က ပြောပါတယ်။ အုန်းကြက်သား ဟော့ပေါ့မှာ သုံးစွဲတဲ့ ပစ္စည်းအမျိုးမျိုးက လတ်ဆတ်တာတွေချည်းပဲဖြစ်လို့ ကျန်းမာရေးနှင့်ညီညွတ်တယ်လို့ သူကယူဆတယ်။ တစ်ချိန်တည်းမှာပင် အုန်းနို့၊ အုန်းဂျယ်လီနှင့် အုန်းသီးရေခဲမုန့်ကဲ့သို့သော အုန်းနို့ထွက်ကုန်များဖြင့် စားသုံးသူများရဲ့ လိုအင်အမျိုးမျိုးကို ဖြည့်ဆည်း ပေးကြပါတယ်။ လတ်ဆတ်သော အုန်းသီးများကို လူကြိုက်များမှု မြင့်တက်လာခြင်းနှင့် အုန်းသီးထွက်ကုန် အမျိုးမျိုး တိုးပွားလာခြင်းတို့ကြောင့် တရုတ်နိုင်ငံမှာ အရှေ့တောင်အာရှ အုန်းသီးဝယ်လိုအားသည် ဆက်လက်တိုးပွားနေပါတယ်။

ထိုင်းနိုင်ငံမှ အုန်းသီးတင်သွင်းမှုမှာ ယခုနှစ်အတွင်း ကွန်တိန်နာ ၂၈'၀၀၀ ကျော်အထိ ရှိလာမယ်လို့ Mo က ပြောကြားပါတယ်။ မကြာသေးမီနှစ်များအတွင်း ပျမ်းမျှနှစ်စဉ်တိုးတက်မှုနှုန်း ၁၀ ရာခိုင်နှုန်းခန့်သို့ ရောက်ရှိခဲ့ပါတယ်။ အနာဂတ်တွင်လည်း အုန်းသီးတင်သွင်းမှု စုစုပေါင်းပမာဏ ဆက်လက်တိုးလာမယ်လို့ Mo က ယူဆပါတယ်။

ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ တရုတ်နိုင်ငံမှ အုန်းသီး တန်ချိန် ၅၆၆,၀၀၀ တင်သွင်းခဲ့ကြောင်း တရုတ်အကောက်ခွန်မှစာရင်းဇယားများအရ သိရပါတယ်။ ယမန်နှစ် အလားတူ ကာလမှာ အုန်းသီး တန်ချိန် ၄၁၈,၀၀၀ တင်သွင်းခဲ့ပါတယ်။ ယခုနှစ်မှာ ယမန်နှစ်ထက် ၃၅ ဒသမ ၃ ရာခိုင်နှုန်းတိုးလာပါတယ်။. မူရင်းနိုင်ငံအရကြည့်ရင် ယခုနှစ် ပထမ ၇ လ အတွင်းမှာ တရုတ်နိုင်ငံက အုန်းသီးကို ထိုင်း(၄၈ ဒသမ ၆ ရာခိုင်နှုန်း)၊ အင်ဒိုနီးရှား(၃၂ ဒသမ ၅ ရာခိုင်နှုန်း)၊ ဗီယက်နမ်(၁၈ ဒသမ ၄ ရာခိုင်နှုန်း) တို့ထံမှ အဓိကအားဖြင့် တင်သွင်းပါတယ်။

New International Land-Sea Trade Corridor ထူထောင်ခဲ့ခြင်း၊ ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) သဘောတူစာချုပ်၊ ဒေသတွင်း ပို့ဆောင်ရေး တိုးတက်ကောင်းမွန်ခြင်းတို့ကြောင့် အုန်းသီးတင်ပို့ဖို့ အဆင်ပြေနေစေပါတယ်။ အာဆီယံမှ တရုတ်သို့ ရေကြောင်း၊ ကားလမ်း၊ ရထားလမ်းတို့ဖြင့် သယ်ယူပို့ဆောင်နိုင်ပါတယ်။ Source: bangkok post

Source: https://www.foodindustrydirectory.com.mm/food-industry/cuisine/chinese/item/5219-coconit.html

## တရုတ်နိုင်ငံသည် တန်ဖိုး-မြင့်တင်ထုတ်လုပ်မှုတွင် ကမ္ဘာလုံးဆိုင်ရာ ပထမအဆင့်ဖြစ်

တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုသည် လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း လျင်မြန်စွာတိုးတက်လာခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းနှင့် ခံနိုင်ရည်ရှိမှုနှင့်အတူ စက်မှုလုပ်ငန်းစုများနှင့် ထောက်ပံ့ရေးကွင်းဆက်များ ဖွံ့ဖြိုးလာခဲ့ကြောင်း၊ ဘေဂျင်းရှိ Yizhuangတွင် တည်ထောင်ထားသော စက်ရုပ်စနစ်များထုတ်လုပ်ခြင်းနှင့် အမှားပြင်ဆင်ခြင်းဆိုင်ရာ အလုပ်ရုံတွင် စက်ရုပ်များသည် ဖမ်းယူခြင်း၊ သယ်ဆောင်ခြင်း၊ ဂဟေဆော်ခြင်း၊ ကြိတ်ခြင်း၊ ကော်အုပ်ခြင်းစသည့် ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ခုလုံးကို အလိုအလျောက် အပြီးသတ်ဆောင်ရွက်နိုင်နေပြီးဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုသည် နိုင်ငံတော်စီးပွားရေး၏ အသက်သွေးကြောဖြစ်ပြီး စစ်မှန်သောစီးပွားရေး၏ အခြေခံအုတ်မြစ်ဖြစ်ရာ ပြီးခဲ့သည့် ဆယ်နှစ်အတွင်း စက်ရုပ်များ ထုတ်လုပ်ရေးတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာခြင်းကြောင့် တရုတ်နိုင်ငံ၏ စက်မှုလုပ်ငန်းသုံး စက်ရုပ်များထုတ်လုပ်မှု မြင့်တက် လာခဲ့ကြောင်း ဖော်ပြပါသည်။

တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် စက်မှုလုပ်ငန်းသုံး စက်ရုပ်အလုံးရေ ၃၆၆,၀၀၀ ကို ထုတ်လုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ်ထက် ၁၀ ဆတိုးလာကြောင်း၊ ကမ္ဘာ့အကြီးဆုံး ဈေးကွက်အဖြစ် ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ကြောင်း၊ ထို့အပြင် တရုတ်နိုင်ငံ၏ အဆင့်မြင့် စက်ကိရိယာများထုတ်လုပ်ရေး လုပ်ငန်းသည်လည်း လျင်မြန်စွာတိုးတက်လာကြောင်း၊ မြေအောက်ရထားများ၊ အဝေးပြေးလမ်းများနှင့် ခက်ခဲသောမြေပြင် ကိုဖြတ်ကျော်တည် ဆောက်သည့် မြေအောက်ရထားလမ်းများနှင့် ဥမင်လိုဏ်ခေါင်းကြီးများတည်ဆောက်သော ဒိုင်းလွှားစက်ကြီးများမှာ ကမ္ဘာ့ဈေးကွက်၏ သုံးပုံနှစ်ပုံ ခန့် ရှိပါကြောင်း၊ တစ်နာရီ ကီလိုမီတာ ၃၅၀ နှုန်းရှိသော Fuxing အမြန်ရထားသည် တရုတ်ကုန်ထုတ်လုပ်ငန်း၏ ထင်ရှားသော ကိုယ်စားပြုတစ်ခု ဖြစ်လာကြောင်း ဖော်ပြပါသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုတန်ဖိုးသည် ယွမ် ၁၆.၉၈ ထရီလျံမှ ယွမ် ၃၁.၄ ထရီလီယံအထိ တိုးလာခဲ့ပြီး ကမ္ဘာ့ဈေးကွက်၏ ၃၀ ရာခိုင်နှုန်းနီးပါးနှင့် ထိပ်တန်းအဆင့်ရှိကြောင်း၊ အဓိက စက်မှုထုတ်ကုန် ၅၀၀ တွင် တရုတ်နိုင်ငံ၏ ထုတ်လုပ်မှု၏ ၄၀ ရာခိုင် နှုန်းကျော်ရှိပြီး ကမ္ဘာတစ်ဝှမ်းတွင် နံပါတ် (၁) နေရာတွင်ရှိနေပြီး ပြည်တွင်းကုန်ထုတ်လုပ်မှု၏ အလုံးစုံစွမ်းအားမှာ သိသိသာသာ တိုးတက်လာ ကြောင်း ညွှန်ပြနေကြောင်း ဖော်ပြထားပါသည်။

ရင်းမြစ် english.yunnangateway.com/html/2022/news_1020/26452.html

Source: ဒေါက်တာဝေရီလင်း-စီးပွားရေးသံမှူး၊ကူမင်းမြို့

## အာဂျင်တီးနားနိုင်ငံ ကျေးလက်ဒေသ၌ ဆိုလာစွမ်းအင်ဖြင့် လျှပ်စစ်မီးထုတ်လုပ်ရန် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၇ သန်း ခွင့်ပြု

အာဂျင်တီးနားနိုင်ငံကျေးလက်ဒေသရှိ ခရိုင် ၁၉ ခုတွင် ဆိုလာစွမ်းအင်ဖြင့် လျှပ်စစ်မီးထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၇ သန်းကို အာဂျင်တီးနားနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနက ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ယခုခွင့်ပြုခဲ့သည့် ရန်ပုံငွေအား ကမ္ဘာ့ဘဏ်၏လုပ်ငန်းခွဲဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးဘဏ်၏ ထောက်ပံ့မှုဖြင့်ရရှိခဲ့ကြောင်းသိရသည်။

အဆိုပါ ဆိုလာစွမ်းအင်သုံး လျှပ်စစ်မီးလင်းရေးစီမံချက်အရ နိုင်ငံအတွင်း ခရိုင် ၁၉ ခုရှိကျောင်းများ၊ နေအိမ်များနှင့် အခြားလျှပ်စစ်မီး လိုအပ်သည့် အဆောက်အအုံများအတွက် ဆိုလာစွမ်းအင်ဖြင့် လျှပ်စစ်ထုတ်လုပ်ရာတွင် လိုအပ်သည့် ပစ္စည်းကိရိယာများ ဝယ်ယူရန်အတွက် အထက်ပါရန်ပုံငွေကို ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ယခုရန်ပုံငွေသည် အာဂျင်တီးနားကျေးလက်ဒေသ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ စီမံချက်အတွက် အဆိုပါဘဏ်၏ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ အနက်မှ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီ တီးလမ်၏ ပြောကြားချက်အရသိရသည်။ ယခုဆောင်ရွက်မည့် ကျေးလက်ဒေသများ လျှပ်စစ်မီးရရှိရေးစီမံချက်အား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကိုအသုံးချ၍ အောင်မြင်စွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီ တီးလမ်က ပြောကြားသည်။ Source: ကြေးမုံသတင်းစာ

## တရုတ်ဈေးကွက်အတွက် ထုပ်ပိုးမှုပြုပြင်ထားသည့် ထိုင်းအုန်းသီးအမယ်သစ်အား ဝယ်လိုအားပိုမိုမြင့်မားလာ

စက္ကူပုံးသေတ္တာများတွင် ထည့်သွင်းထုပ်ပိုးလေ့ရှိသော စိန်ပုံသဏ္ဌာန်ဖြတ်ထားသည့် လတ်ဆတ်အုန်းသီးများနှင့် နှိုင်းယှဉ်ပါက စက္ကူပုံးအစားပိုက်ကွန်အိတ်ကို အသုံးပြုထားကာ ပိုမိုပါးလွှာအောင် အခွံသင်ထုတ်လုပ်ထားသည့် လတ်ဆတ်အုန်းသီးအား တရုတ်နိုင်ငံမှ ဝယ်လိုအား ပိုမိုရှိလာသည်ဟု သိရပါ သည်။ ၎င်းထုပ်ပိုးမှုပုံစံအသစ်မှာ ပုံမှန်စိန်ပုံစံ အုန်းသီးထက် ဈေးနှုန်း ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းကြား ပိုမိုသက်သာပါသည်။ ထို့ပြင် ပေ ၂၀ ကုန် သေတ္တာတစ်လုံးလျှင် ယခင်က အလုံးရေ ၁၉,၀၀၀ သာထည့်သွင်းနိုင်ခဲ့ရာမှ ယခုအခါ အလုံးရေ ၂၄,၀၀၀ ထည့်သွင်းနိုင်ကာ၊ ပြုပြင်ထုတ်လုပ်သယ်ဆောင်သည့်စရိတ်များကို သက်သာစေကြောင်းနှင့် ပုံသဏ္ဌာန်အသစ်၏အားနည်းချက်မှာ ပုံးသေတ္တာထဲတွင်ထည့်ထားလျှင် အလွယ်တကူ ပျက်စီးနိုင်ကြောင်း သတင်းရရှိပါသည်။ ရင်းမြစ်၊ Tridge (၂၀-၁၀-၂၀၂၂)

Source: ဒေါက်တာရွှေစင်ကို- ကုန်သွယ်ရေးဦးစီးဌာန

## အိန္ဒိယအစိုးရ သကြားတင်ပို့မှုအပေါ် ကန့်သတ်ချက် သက်တမ်းတိုး

ကမ္ဘာ့သကြားအများဆုံးထုတ်လုပ်သူ အိန္ဒိယနိုင်ငံသည် ၂၀၂၃ ခုနှစ် အောက်တိုဘာလအထိ သကြားတင်ပို့မှုတားမြစ်ချက်ကို တစ်နှစ်သက်တမ်းတိုးခဲ့ကြောင်း အစိုးရကပြောကြားခဲ့သော်လည်း ယခုနှစ် ပြည်ပရောင်းချမှုအတွက် ခွဲတမ်းကို ပြင်ဆင်ရန် ကုန်သည်များက မျှော်လင့်နေကြဆဲဖြစ်သည်။

ကမ္ဘာ့သကြားစားသုံးမှု အများဆုံးနိုင်ငံလည်းဖြစ်သော အိန္ဒိယသည် ယခုနှစ်တွင် သကြားများကို စံချိန်တင် တင်ပို့ပြီးနောက် ပြည်တွင်းဈေးမြင့်တက်လာမှုကို ထိန်းချုပ်နိုင်ရန် ယခု အောက်တိုဘာလ လကုန်အထိ သကြားတင်ပို့မှုကို ၂၀၂၂ မေလတွင် ကန့်သတ်ခဲ့သည်။ "အသိပေးချက် အမိန့်စာက သကြားတင်ပို့မှုကို ကန့်သတ်အမျိုးအစားတွင်ထားရှိတဲ့ အစိုးရရဲ့မူဝါဒကို သက်တမ်းတိုး ပေးလိုက်တာဖြစ်ပေမဲ့ အဲဒီအစိုးရဆုံးဖြတ်ချက်က ၂၀၂၂-၂၃ မှာ သကြားတင်ပို့မှုကို ခွင့်ပြုမည်မဟုတ်လို့ မဆိုလိုပါ"ဟု National Federation of Cooperative Sugar Factories Ltd မှ မန်နေဂျင်း ဒါရိုက်တာ Prakash Naiknavare က Reuters သို့ ပြောကြားခဲ့သည်။ လက်ရှိ ကြံရာသီ၏ ပို့ကုန်ခွဲတမ်းကို လာမည့်သီတင်းပတ်တွင် ထုတ်ပေးနိုင်ဖွယ်ရှိကြောင်း ကုန်သွယ်မှုနှင့် အစိုးရ သတင်းရင်းမြစ်များကဆိုသည်။ အောက်တိုဘာ ၁ ရက်မှ စတင်သည့် ဈေးကွက်နှစ်သစ်အတွက် ပထမဆုံးအသုတ် သကြား တင်ပို့မှုတွင် အစိုးရအနေ ဖြင့် သကြားတန်ချိန် ၅ သန်းတင်ပို့ခွင့်ပြုရန် အဆင်သင့်ဖြစ်နေပြီဟု ပြီးခဲ့သည့်လက ရိုက်တာ သတင်းတွင် ဖော်ပြခဲ့ပါသည်။

အိန္ဒိယအစိုးရသည် ဒုတိယအသုတ်တွင် သကြားတန်ချိန် ၃ သန်းခန့် တင်ပို့ခွင့်ပြုရန် မျှော်မှန်းထားပြီး ယခုနှစ်တွင် ပြည်ပသို့ သကြားတင်ပို့မှု စုစုပေါင်း တန်ချိန် ၈ သန်းခန့် ရှိလာမည်ဖြစ်သည်။အိန္ဒိယသကြားစက်များအသင်း Indian Sugar Mills Association ၏ အဆိုအရ အိန္ဒိယသည် ၂၀၂၂-၂၀၂၃ ကြံရာသီ တွင် သကြားတန်ချိန် ၉ သန်းအထိ တင်ပို့နိုင်မည်ဟု

ဆိုသည်။အီသနောထုတ်လုပ်မှုအတွက် သကြားတန်ချိန် ၄ ဒသမ ၅ သန်းကို ဖယ်ထားလိုက်ပြီးနောက် အိန္ဒိယသည် ၂၀၂၂-၂၄ ရာသီတွင် သကြားတန်ချိန် ၃၆ ဒသမ ၆ သန်းခန့် ထုတ်လုပ်နိုင်ကာ ယခင်ရာသီထက် ၂ ရာခိုင်နှုန်း ပိုများလိမ့်မည်ဟု မျှော်လင့်ရသည်။ Source Reuters

Source:https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/5220-india-extends-curbs-on-sugar-shipments.html

## ပြည်တွင်းကုန်သွယ်မှုသတင်း

### တနင်္သာရီတိုင်းဒေသကြီးမှထွက်ရှိသည့် ရေထွက်ကုန်များကိုကုန်ချောအဖြစ် ပြောင်းလဲထုတ်လုပ်ရန် ငါးလေလံဈေးကွက် ဖော်ဆောင်နေ

တနင်္သာရီတိုင်းဒေသကြီးမှ ထွက်ရှိသည့် ရေထွက်ကုန်များကို တန်ဖိုးမြှင့်ကုန်ချောအဖြစ် ပြောင်းလဲထုတ်လုပ်ရန် အတွက် ငါးလေလံဈေးကွက် ဖော်ဆောင်နေကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ကမ်းဝေးငါးဖမ်းရေယာဉ်အစီးရေ ၁၀၀၀ ကျော်ရှိပြီး ကမ်းနီးငါးဖမ်းရေယာဉ် ၁၀,၀၀၀ ခန့်ရှိရာ နှစ်စဉ်ရေထွက်ကုန်တန်ချိန် ၃၅၀,၀၀၀ မှ ၄၀၀,၀၀၀ ထိ သို့ တင်ပို့ပေးနေကာ အမေရိကန်ဒေါ်လာသန်း ၃၀၀ ကျော် ရှာဖွေပေးနေကြောင်း၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း သိရသည်။

"တနင်္သာရီတိုင်းဒေသကြီးကထွက်ရှိတဲ့ ရေထွက်ကုန်တွေကို ထိုင်းနိုင်ငံသို့ အများဆုံးတင်ပို့နေတာပါ။ တင်ပို့တဲ့ နေရာမှာ ကုန်ကြမ်းသာတင်ပို့နိုင်ပါတယ်။ ကုန်ချောအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်မယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ဈေးကွက် ကို ဦးဆောင်နိုင်မှာပါ။ ဒါကြောင့် မြိတ်အများပိုင်ကုမ္ပဏီလီမိတက်ကို ဖွဲ့စည်းပြီး ငါးလေလံဈေးကွက်ဖြစ်ပေါ်လာအောင် ဆောင်ရွက်နေပါတယ်။ ငါးလေလံဈေးကွက်ဖြစ်ပေါ်လာမယ်ဆိုရင် ကုန်ချောလည်းထုတ်လုပ်လာနိုင်မယ်။ အအေးခန်းနဲ့ ကုန်ချောထုတ်လုပ်တဲ့စက်ရုံတွေ ပေါ်ထွက်လာမှာဖြစ်တဲ့အတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ ပိုမိုဖော်ဆောင်ပေးလာ နိုင်မှာပါ" ဟု တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးသက်စိုးက ပြောပြသည်။

ထို့ပြင် မြန်မာနိုင်ငံမှ ထွက်ရှိသော ကမ္ဘာ့ဈေးကွက်ဝင် ပနားမီးပုစွန်သည် တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုမှ အများဆုံးထွက်ရှိရာ ပြည်ပဈေးကွက်ကို ပိုမိုဖော်ဆောင်နိုင်ရန်နှင့် ဈေးကွက်ပိုမိုရရှိလာပါက မွေးမြူရေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်သွားရန်အသင့်ရှိနေပြီး နှစ်စဉ် ပနားမီးပုစွန် တန်ချိန် ၆၀၀၀ ကျော် ထုတ်လုပ်တင်ပို့လျက်ရှိကြောင်း တနင်္သာရီတိုင်း ဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။ Source: ရတနာပုံသတင်းစာ

### "တတိယအကြိမ် မြန်မာ(လားရှိုး)- တရုတ်(လင်ချန်း) နယ်စပ်စီးပွားရေးနှင့်ကုန်စည်ပြပွဲ" ဖွင့်ပွဲအခမ်းအနား အွန်လိုင်းမှ ကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဦးဆောင်၍ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့မှ ၃၀ ရက်နေ့အထိ ကျင်းပမည့် "တတိယအကြိမ် မြန်မာ(လားရှိုး)- တရုတ်(လင်ချန်း) နယ်စပ်စီးပွားရေးနှင့်ကုန်စည်ပြပွဲ" ဖွင့်ပွဲအခမ်းအနားကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့၊ နံနက် ၀၉:၀၀ နာရီအချိန် တွင် Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ်နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ် ၊ လင်ချန်းမြို့၊ ပါတီကော်မတီအတွင်းရေးမှူး၊ ကျန်းကြည်းကျိန့်၊ လင်ချန်းမြို့ မြို့တော်ဝန် သုကျုန့်ဟွေးနှင့် တာဝန်ရှိသူများ၊ ကုန်သည်အသင်းအဖွဲ့များနှင့် ကုန်စည်ပြပွဲတွင် ပါဝင်ပြသမည့် ကုမ္ပဏီ (၄၃) ခုမှ ကိုယ်စားလှယ်များ တက်ရောက်ကြပါသည်။ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်နှင့် လင်ချန်းမြို့ ပါတီကော်မတီအတွင်းရေးမှူးတို့က မိန့်ခွန်းပြောကြားခဲ့ကြပြီး ရှမ်းပြည်နယ်အစိုးရ၊ စီးပွားရေးရာဝန်ကြီးမှ ကုန်စည်ပြပွဲအား ဖွင့်လှစ်ကြောင်းကြေညာပေးခဲ့ပါသည်။

ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံမှ ထွက်ရှိသည့် ဒေသထွက်ကုန်များ၊ စားသောက်ကုန်များ၊ ပရိဘောဂပစ္စည်းများနှင့် အဝတ်အထည်များကို မြန်မာနိုင်ငံမှ ကုမ္ပဏီ(၃၃)ခုနှင့် တရုတ်နိုင်ငံမှ ကုမ္ပဏီ(၁၀)ခု၊ စုစုပေါင်း (၄၃)ခုတို့သည် Myanmar Online Expo Park အွန်လိုင်းကုန်စည်ပြပွဲ Platform မှ (၄) ရက်ကြာ ပါဝင်ပြသကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူများအနေဖြင့် http://www.myanmarexpopark.com သို့ဝင်ရောက်၍ Visitor/Buyer Registration တွင် မှတ်ပုံတင်ဆောင်ရွက်ပြီး လေ့လာကြည့်ရှုဝယ်ယူနိုင်ကြောင်း သတင်းရရှိပါသည်။

Source: Myantrade.gov.mm

## နယ်စပ်ကုန်သွယ်ရေးတွင် ပို့ကုန်၊ သွင်းကုန်ပစ္စည်းများ တင်သွင်းမှုများကို ဘဏ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသွားမည်

ဘဏ္ဍာရေးဆိုင်ရာစောင့်ကြည့်အဖွဲ့ (Financial Action Task Force-FATE) ၏ အစီရင်ခံစာအပေါ် လိုက်နာအကောင်အထည်ဖော်မှု ပိုမိုအားကောင်းစေရေးအတွက်လည်းကောင်း၊ နယ်စပ်ကုန်သွယ်ရေး၌ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘဏ်စနစ်ကိုအသုံးပြုပြီး ငွေပေးချေမှု စနစ်တကျ ရှိစေရေးအတွက် လည်းကောင်း နယ်စပ်ကုန်သွယ်ရေးမှ သွင်းကုန်ပစ္စည်းများ တင်သွင်းမှုကို ဘဏ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြု သွားမည်ဖြစ်သည်။

ဤသို့ဆောင်ရွက်ရာတွင် သွင်းကုန်ပစ္စည်းများ တင်သွင်းမှုအတွက် တစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့်ဝင်ငွေနှင့် တစ်ဖက်နိုင်ငံရှိ မြန်မာနိုင်ငံသားများ၏ လစာနှင့် လုပ်ခလွှဲပို့ငွေအပါအဝင် အခြားဝင်ငွေများကို အသုံးပြုတင်သွင်းခွင့်ပြုမည်ဖြစ်သည်။ သွင်းကုန်တင်သွင်းသူများအနေဖြင့် အဆိုပါရငွေများကို အသုံးပြု၍ သက်ဆိုင်ရာဘဏ်များမှတစ်ဆင့် သွင်းကုန်အတွက် ငွေပေးချေမှုများကို ပေးချေဆောင်ရွက်ရမည်ဖြစ်သည်။ နယ်စပ်ကုန်သွယ်မှုကိစ္စရပ်များကို ဘဏ်စနစ်ဖြင့် ဆောင်ရွက်ရာတွင် ကနဦးအဆင့်အနေဖြင့် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးတွင် စတင်ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုများဆောင်ရွက်ရာတွင် ကုန်စည်တင်သွင်းမှုများအတွက် ဖော်ပြပါအတိုင်းစီစစ်ခွင့်ပြုပါမည်။ (က) သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် ကုမ္ပဏီများအနေဖြင့် မိမိ၏ဘဏ် ငွေစာရင်းသို့ ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့်ဝင်ငွေ သို့မဟုတ် အခြားဝင်ငွေဝင်ရောက်ကြောင်း သက်ဆိုင်ရာဘဏ်မှ ထုတ်ပေးသည့် အထောက်အထား (Credit A dvice) နှင့် ဘဏ်ငွေစာရင်းရှင်းတမ်း (Bank Statement) မူရင်း တို့ကိုပူးတွဲကာ ကုန်သွယ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (ခ) ကုန်သွယ်ရေးဦးစီးဌာနသည် သွင်းကုန်တင်သွင်းလိုသည့် ကုမ္ပဏီကတင်ပြလာသော ပို့ကုန်မှရရှိသည့်ဝင်ငွေ သို့မဟုတ် အခြားဝင်ငွေ ဝင်ရောက်မှုပမာဏကို စိစစ်၍ ဘဏ်ငွေစာရင်းလက်ကျန်ပမာဏထက် မကျော်လွန်ဘဲ သွင်းကုန်လိုင်စင်ကို ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ပါသည်။ (ဂ) သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုသော ကုန်စည်တင်သွင်းမှုများအတွက် သွင်းကုန်ကြေညာလွှာ (Import Deciatation on -ID) ဖွင့်လှစ်ရာ၌ ပို့ကုန်မှရရှိသည့် ဝင်ငွေသို့မဟုတ် အခြားဝင်ငွေ ဝင်ရောက်မှုကို သက်ဆိုင်ရာဘဏ်ကထုတ်ပေးသည့် အထောက်အထား (Credit A dvice)နှင့် ဘဏ်ငွေစာရင်းရှင်းတမ်း (Bank Statement) မူရင်းတို့ကို ပူးတွဲကာ အကောက်ခွန်ဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။

သွင်းကုန်တင်သွင်းမှုများအတွက် ပို့ကုန်မှရရှိသည့်ဝင်ငွေ သို့မဟုတ် အခြားဝင်ငွေဝင်ရောက်မှုများကို အခြေခံ၍ တင်သွင်းခွင့်ပြုမည့်အစီအစဉ်ကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်တွင် စတင်ဆောင်ရွက်မည်ဖြစ်သည်။ ဤသို့ဆောင်ရွက်ရာတွင် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်ထိ ကာလအတွင်းလျှောက်ထားပြီးဖြစ်သည့် သွင်းကုန်လိုင်စင်လျှောက်ထားမှုများ အကျုံးဝင်ခြင်းမရှိ။ အဆိုပါနေ့ရက်မရောက်မီ ထုတ်ပေးပြီးဖြစ်သည့် သွင်းကုန်လိုင်စင်များဖြင့် ကုန်ပစ္စည်းတင်သွင်းမှုများကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက် မတိုင်မီ ပြီးပြတ်အောင် တင်သွင်းကြရန်နှင့် အဆိုပါသတ်မှတ်ကာလအတွင်း တင်သွင်းနိုင်ခြင်းမရှိပါက သွင်းကုန်လိုင်စင်ပျက်ပြယ်မည် ဖြစ်ပါသည်။

ထိုသို့ တင်သွင်းခွင့်ပြုရာတွင် ပို့ကုန်မှရရှိသည့် ဝင်ငွေနှင့် အခြားဝင်ငွေ ဝင်ရောက်မှုများနှင့် ပတ်သက်၍ ၂၀၂၂ ခုနှစ်၊ ဧပြီ ၁ ရက်နောက်ပိုင်း ဝင်ရောက်သည့် ဝင်ငွေကိုသာ အသုံးပြုဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါသည်။ မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးတွင် ပို့ကုန်တင်ပို့သည့် ကုမ္ပဏီသည် ရရှိသည့် ပို့ကုန်ဝင်ငွေကို မိမိကိုယ်တိုင်သွင်းကုန်တင်သွင်းခြင်းကိုဖြစ်စေ၊ အခြားကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းပေး၍ သွင်းကုန်တင်သွင်း ခြင်းကိုဖြစ်စေဆောင်ရွက်နိုင်သည်။ အဆိုပါပို့ကုန်မှရရှိသည့် ဝင်ငွေကို အသုံးပြု၍ သွင်းကုန်ပစ္စည်းတင်သွင်းရာ တွင် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုခုမှ အခြားတစ်ခုခုသို့ လွှဲပြောင်းသုံးစွဲနိုင်သည်။ Source: ကုန်သွယ်ရေးဦးစီးဌာန

# ပြည်ပကုန်သွယ်မှုသတင်း

## မြန်မာ့ဆန် ဒုတိယအများဆုံး ဖိလစ်ပိုင် ဝယ်ယူခဲ့

ဖိလစ်ပိုင်နိုင်ငံသည် ယခုနှစ် ၂၀၂၂ ခုနှစ်မှာ စက်တင်ဘာလအထိ ဆန်မက်ထရစ်တန်ချိန် သုံးသန်းနီးပါး တင်သွင်းခဲ့ကြောင်း Bureau of Plant Industry BPI ၏ အချက်အလက်များအရ သိရပါသည်။ ၂၀၂၁ ခုနှစ်တစ်ခုလုံးအတွက် ဆန်မက်ထရစ်တန်ချိန် ၂ ဒသမ ၈ သန်း တင်သွင်းခဲ့တာထက် ၇ ဒသမ ၆ ရာခိုင်နှုန်း ပိုများပါသည်။ ယခုနှစ်တွင် စက်တင်ဘာလအထိ ဆန်အများဆုံး တင်သွင်းသည့်လမှာ ဩဂုတ်လဖြစ်ပြီး မက်ထရစ်တန် ၄၃၃,၄၅၄ တင်သွင်းခဲ့ပါသည်။ BPI ၏ အဆိုအရ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ မြန်မာ၊ ပါကစ္စတန်၊ စင်္ကာပူ၊ စပိန်၊ ထိုင်းနှင့် ဗီယက်နမ်တို့မှ ဆန်များကို အဓိကအားဖြင့် တင်သွင်းခဲ့ပါသည်။

ဖိလစ်ပိုင်နိုင်ငံ ဆန်တင်သွင်းမှုတွင် ဗီယက်နမ်ဆန်သည် အဓိကရင်းမြစ်ဖြစ်ပြီး မက်ထရစ်တန် ၂ ဒသမ ၅ သန်း တင်သွင်းခဲ့ပါသည်။ ယခင်နှစ် တစ်နှစ်တာ မက်ထရစ်တန် ၂ ဒသမ ၄ သန်း တင်သွင်းခဲ့သည်ထက် ပိုများနေပြီဖြစ်ပါသည်။ ဒုတိယအများဆုံး တင်သွင်းသည်မှာ မြန်မာ့ဆန် ဖြစ်ပါသည်။ မက်ထရစ်တန် ၂၀၃,၈၈၀ တင်သွင်းခဲ့ပြီး ယမန်နှစ် တစ်နှစ်တာ မက်ထရစ်တန် ၁၉၆,၇၁၉ တင်သွင်းခဲ့သည်ထက် ပိုများပါသည်။ တတိယအများဆုံး တင်သွင်းသည်မှာ ထိုင်းဆန် ဖြစ်ပါသည်။ မက်ထရစ်တန် ၁၅၀,၄၁၆ တင်သွင်းခဲ့ပါသည်။ ယမန်နှစ် တစ်နှစ်တာ မက်ထရစ်တန် ၁၃၁,၂၅၆ တင်သွင်းခဲ့သည်ထက် ပိုများပါသည်။ ဒီဇင်ဘာလ ၃၁ ရက်အထိ ဆန်သွင်းကုန်ခွန်မှာ ခွဲတမ်း နှင့် ခွဲတမ်းပြင်ပ ၂ မျိုးစလုံးအတွက် ၃၅ ရာခိုင်နှုန်း ဖြစ်ပါသည်။ နောက်နှစ် ဇန်နဝါရီလတွင် ခွဲတမ်းဆန် ဆိုပါက ၄၉ ရာခိုင်နှုန်း ၊ ခွဲတမ်းပြင်ပဆန် ဆိုပါက ၅၀ ရာခိုင်နှုန်း သွင်းကုန်ခွန် စည်းကြပ်မည် ဖြစ်ပါသည်။

ဖိလစ်ပိုင် လယ်သမားများသည် မြေသြဇာဈေးကြီးသဖြင့် စပါးအထွက်တိုးစေဖို့ မြေသြဇာမသုံးစွဲနိုင်ခဲ့ကြသဖြင့် စပါးအထွက်လျော့ပါသည်။ ထို့ပြင်စူပါတိုက်ဖွန်း Karding ကြောင့်လည်း စပါးခင်းများပျက်စီးခဲ့ပါသည်။ သို့ဖြစ်ရာ ဖိလစ်ပိုင်နိုင်ငံသည် ဆန်ကို ဆက်လက်တင်သွင်းနေရဦးမည် ဖြစ်ပါသည်။ ယူရီးယားမြေသြဇာ ဈေးနှုန်းသည် ၅၀ ကီလိုဂရမ် တစ်အိတ်လျှင် ယမန်နှစ်တွင် ပီဆို ၁၅၃၁ ဒသမ ၇၈ ဖြစ်ပြီး ယခုနှစ်တွင် ပီဆို ၂,၅၂၃ ဒသမ ၀၈ ဖြစ်ပါသည်။ Karding ကြောင့် ဆန် မက်ထရစ်တန် ၁၃၄,၂၉၅ ထုတ်လုပ်မှု လျော့ကျ ပါသည်။ ယခုနှစ်တွင် ဆန်တန်ချိန် မက်ထရစ်တန် ၂၀ ဒသမ ၂၅ သန်း ရရှိရန် လျာထားပါသည်။ ယမန်နှစ်က ဆန်တန်ချိန် မက်ထရစ်တန် ၁၉ ဒသမ ၉၆ သန်း ရရှိခဲ့ပါသည်။

၂၀၂၂-၂၃ တွင် ဖိလစ်ပိုင်နိုင်ငံသည် ဆန်မက်ထရစ်တန်ချိန် ၃ ဒသမ ၄ သန်း တင်သွင်းမည်ဟု အမေရိကန် စိုက်ပျိုးရေးဌာန United States Department of Agriculture USDA က ခန့်မှန်းပါသည်။ Foreign Agricultural Service (FAS) ကလည်း ဆန်မက်ထရစ်တန်ချိန် ၃ ဒသမ ၄ သန်း တင်သွင်းမည်ဟု ခန့်မှန်းပါသည်။ ဖိလစ်ပိုင်တွင် ဆန်အများဆုံး တင်သွင်းသည့် လုပ်ငန်းမှာ NAN STU Agri Traders ဖြစ်ပြီး ဆန်မက်ထရစ်တန် ၁၅၂,၉၇၀ တင်သွင်းခဲ့ပါသည်။ ဒုတိယအများဆုံး ဆန်တင်သွင်းသည့်လုပ်ငန်းမှာ Manus Dei Resources Ent. Inc. ဖြစ်ပြီး ဆန်မက်ထရစ်တန် ၁၄၂,၈၈၁ တင်သွင်းခဲ့ပါသည်။ တတိယအများဆုံး ဆန်တင်သွင်းသည့်လုပ်ငန်းမှာ Luck Buy and Sell ဖြစ်ပြီး ဆန်မက်ထရစ်တန် ၁၃၀,၀၈၃တင်သွင်းခဲ့ပါသည်။

Source:philstar,business.inquirer

Source: https://www.industrialdirectory.com.mm/article/philippines-rice-import.html

## ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း ပြည်ပသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှတစ်ဆင့် ရော်ဘာတန်ချိန် ၈၈၀၀ ကျော် တင်ပို့ခဲ့ပြီး ယခင်လထက်တန်ချိန် ၃၅၀၀ ကျော် တင်ပို့မှုလျော့ကျ

၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း ပြည်ပသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှတဆင့် ရော်ဘာတန်ချိန် ၈၈၀၀ ကျော် တင်ပို့ခဲ့ပြီး ယခင်လထက်တန်ချိန် ၃၅၀၀ ကျော် တင်ပို့မှုလျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ ကာလအတွင်း ဒေါ်လာ ၃ ဒသမ ၅၇၂ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၂၄၆၀ နီးပါး တင်ပို့ခဲ့သည်။ နယ်စပ်ကုန်သွယ်မှုမှ ဒေါ်လာ ၈ ဒသမ ၄၂၃ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၆၃၅၀ ကျော် တင်ပို့ခဲ့သည်။ နယ်စပ်မှ တင်ပို့မှုမှာ တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၅၃၈၀ နီးပါးနှင့် ထိုင်းနိုင်ငံသို့ ရော်ဘာတန်ချိန်စုစုပေါင်း ၉၇၀ ကျော်တင်ပို့ခဲ့သည်။

ယင်းကာလအတွင်း ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုမှ ရော်ဘာတန်ချိန် ၈၈၁၀ တင်ပို့ခဲ့သည်။ ယခင်လ တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ရော်ဘာတန်ချိန် ၃၅၀၀ ကျော် လျော့နည်းတင်ပို့ခဲ့ကြောင်း သိရသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်

အောက်တိုဘာမှ စက်တင်ဘာလကုန်အထိ ပြည်ပသို့ ရော်ဘာစိမ်းတင်ပို့မှုမှ ဒေါ်လာ၄၄၉ သန်းကျော် ရရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ထက် ဒေါ်လာ ၁၈၅ သန်းနီးပါးပိုမိုတင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ဖြစ်သည့် ၂၀၂၀ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ ၂၀၂၁ ခုနှစ် စက်တင်ဘာလကုန်အထိ ပြည်ပသို့ ရော်ဘာစိမ်းတင်ပို့မှုမှ ဒေါ်လာ ၄၄၉ ဒသမ ၁၀၂ သန်းရရှိခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ရော်ဘာစိမ်းတင်ပို့မှုမှ ဒေါ်လာ ၂၆၄ ဒသမ ၄၄၂ သန်းရရှိခဲ့သည်။ အဆိုပါကာလတူနှစ်ခုကို နှိုင်းယှဉ်ပါက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ရော်ဘာစိမ်းတင်ပို့မှုမှာ ယခင်ဘဏ္ဍာနှစ်ထက် ဒေါ်လာ ၁၈၄ ဒသမ ၆၆၀ သန်းပိုမိုရရှိခဲ့သည်။

ရော်ဘာကို မြန်မာနိုင်ငံတောင်ပိုင်းဒေသများအနက် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့သည် ရော်ဘာအများဆုံး စိုက်ပျိုးသည့်ဒေသများဖြစ်သည်။ ကျန်တိုင်းဒေသကြီးများဖြစ်သည့် ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်းတို့တွင်လည်း စိုက်ပျိုးလျက်ရှိကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရသည်။ ပြည်တွင်း၌ တစ်နှစ်လျှင် ရော်ဘာတန်ချိန်စုစုပေါင်း နှစ်သိန်းဝန်းကျင်ထွက်ရှိပြီး ရာခိုင်နှုန်း ၉၀ ကျော်ကို ပြည်ပသို့တင်ပို့နေပြီး ကျန်ရှိသည့် ရှစ်ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်း၌ အသုံးပြုလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ရော်ဘာကို တရုတ်ကို အဓိကတင်ပို့နေခြင်းဖြစ်ပြီး မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂျပန်၊ ထိုင်ဝမ်၊ အိန္ဒိယ စသည့်နိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။ မြန်မာ့သဘာဝရော်ဘာထုတ်ကုန်များ အရည်အသွေးပိုမိုကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ၊ စိုက်ပျိုးသူတောင်သူများ၊ ကုန်သည်များ၊ စက်ပိုင်ရှင်များစသည်ဖြင့် Supply Chain တစ်လျှောက်ပါဝင်ပတ်သက်သူအားလုံး ကဏ္ဍအလိုက် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်သည်။

မြန်မာနိုင်ငံမှ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်လျက်ရှိပြီး အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) ၂၀၂၀-၂၀၂၅ မူဘောင်သည် မြန်မာနိုင်ငံ၏ မိုက်ခရို၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်းနှင့် ကမ္ဘာ့စီးပွားရေးဈေးကွက်တွင် လက်ရှိတင်ပို့ရောင်းချနေသူများအတွက် အခွင့်အလမ်းသစ်များဖန်တီးမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ၏ အဓိကဦးစားပေးကဏ္ဍများတွင် လယ်ယာထွက်ကုန်ပစ္စည်း အခြေခံစားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ၊စက်မှုနှင့် လျှပ်စစ်ပစ္စည်းကဏ္ဍ၊ ရေထွက်ကုန်လုပ်ငန်းကဏ္ဍ၊ သစ်တောထွက်ပစ္စည်းကဏ္ဍ၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့်ဝန်ဆောင်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုကဏ္ဍ၊ တီထွင်ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းကဏ္ဍစသည်တို့လည်း ပါဝင်သည်။

Source: https://news-eleven.com/article/239388

## ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပမည့် နိုင်ငံတကာထုတ်ကုန်ပြပွဲအတွက် မြန်မာ့ထွက်ကုန် ထောပတ်သီးများကို ပြသသွားမည်

ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပပြုလုပ်မည့် နိုင်ငံတကာထုတ်ကုန်ပြပွဲတွင် မြန်မာ့ထွက်ကုန်ထောပတ်သီးများကို ဝင်ရောက်ပြသသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (ပြင်ဦးလွင်မြို့) မှ ဒုတိယဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောပြသည်။

ဘန်ကောက်မြို့၌ လာမည့်နိုဝင်ဘာလအတွင်းကျင်းပမည့် နိုင်ငံတကာထုတ်ကုန်ပြပွဲတွင် မြန်မာ့ထွက်ကုန်ထောပတ်သီးများဖြစ်သော ဟက်(စ်)မျိုးနှင့် ပက်ကာတန်းမျိုးကို ပြသပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ပြသနိုင်ခြင်းကြောင့် နိုင်ငံတကာနှင့်ဈေးကွက်ချိတ်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာ့ထွက်ကုန် ထောပတ်သီးများကို နိုင်ငံတကာက စိတ်ဝင်စားမှုများရှိနေသဖြင့် ဝင်ရောက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ "ဘန်ကောက်မြို့မှာ ကျင်းပမဲ့ နိုင်ငံတကာထုတ်ကုန်ပြပွဲမှာ မြန်မာ့ထုတ်ကုန်ထောပတ်သီးတွေကို ပြသသွားနိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ အခုဆိုရင် ထောပတ်စိုက်ဒေသတွေမှာ ပြည်ပမျိုးတွေကို ဆက်တိုက်စိုက်ပျိုးလာတာ တော်တော်များလာပါပြီ။ ဒီနှစ်ဆိုရင်လည်း တော်တော်များများထွက်ရှိလာပါပြီ။ ၂၀၂၃ ခုနှစ်နဲ့ ၂၀၂၄ ခုနှစ်မှာ ထောပတ်သီးတွေ ပိုထွက်လာတော့မှာပါ။ အဲဒီလိုပေါပေါများများထွက်လာရင် ဈေးကွက်ကို ရှာပေးရမှာပါ။ ဒါကြောင့် ပြပွဲတွေမှာ ခုကတည်းက ဈေးကွက်ကို ကြိုတင်ရှာနေတာပါ။ နိုင်ငံတကာနဲ့ ချိတ်ဆက်ပြီး ဈေးကွက်ရှာနေတာပါ။ အောက်တိုဘာလထဲမှာ ပြင်သစ် နိုင်ငံမှာလည်း မြန်မာ့ထွက်ကုန် ထောပတ်သီးတွေကို ပြသခဲ့ပါတယ်။

အဲဒီပြပွဲမှာ ဥရောပနိုင်ငံတော်တော်များများက ဟက်(စ်) ထောပတ်မျိုးကို ကြိုက်နှစ်သက်ကြတာ တွေ့ရပါတယ်”ဟု ၎င်းက ပြောပြသည်။

မြန်မာနိုင်ငံအတွင်း ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ထောပတ်သီးကို စိုက်ပျိုးကြပြီး ထောပတ်သီးအမျိုးအစားအနေဖြင့် ၂၃ မျိုးရှိကာ လက်ရှိထောပတ်သီးစိုက်ဧက ၂၀,၀၀၀ ခန့်ရှိကြောင်း၊ ထောပတ်စိုက်ပျိုးသည့် တောင်သူဦးရေ ၆၀၀၀ ကျော်ရှိကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

## ရှမ်းပြည်နယ်(တောင်ပိုင်း) မှ နှင်းဆီနှင့်ဂန္ဓာမာပန်းများ မလေးရှားဈေးကွက်သို့ စမ်းသပ်တင်ပို့

ရှမ်းပြည်နယ်(တောင်ပိုင်း) တွင် ပန်းစိုက်ပျိုးမှုအတွက် ရာသီဥတုကောင်းမွန်သဖြင့် တစ်နှစ်ပတ်လုံး ကလော၊ ဟဲဟိုး၊ ညောင်ရွှေ၊ အောင်ပန်းမြို့နယ်များ၌ စိုက်ပျိုးကြပြီး စိုက်ပျိုးမှုအနေဖြင့် (၈၀၀ မှ ၁၀၀၀)ဧကခန့်ရှိပြီး နှင်းဆီ၊ ဂန္ဓာမာ၊ သပြေ၊ လီလီပန်းတို့ကို အများဆုံးစိုက်ပျိုး၍ ပြည်နယ်တွင်းဈေးကွက်များကိုသာ အဓိကထား၍ ခြံရှင်များမှ တိုက်ရိုက်ရောင်းချခြင်း၊ အောင်ပန်းပွဲရုံများမှတဆင့်လည်းရောင်းချကြပြီး လစဉ်ပန်းမျိုးစုံ ဆယ်သိန်းကျော် ရောင်းချရကြောင်း ယခုလအတွင်း ဈေးနှုန်းများအနေဖြင့် နှင်းဆီ(၁၀)ပွင့်ကို (၂၀၀၀ မှ ၂၃၀၀)ကျပ်၊ ဂန္ဓာမာပန်းမှာ အရောင်အမျိုးအစားအပေါ်မူတည်၍ (၁၀)ပွင့်လျှင် (၂၀၀၀ မှ ၂၂၀၀)ကျပ် ဈေးများရှိကြောင်း ပွဲရုံများမှ သိရပါသည်။

ယခုကာလအတွင်း မလေးရှားနိုင်ငံဈေးကွက်သို့ လေကြောင်းမှ စမ်းသပ်တင်ပို့ရန်အတွက် အောင်ပန်းရှိပွဲရုံတစ်ခုမှ ရန်ကုန်ရှိ ကုမ္ပဏီတစ်ခုနှင့်ချိတ်ဆက်ပေးပို့ခဲ့ပြီး၊ စမ်းသပ်တင်ပို့မှုအနေဖြင့် ရေမွှေးနှင်းဆီအပွင့် (၆၀၀)ပါတစ်ဖာ၊ ဂန္ဓာမာပန်းကြွေဖြူနှင့် ရွှေဝါဝင်းအပွင့် (၅၀၀)စီးပါ နှစ်ဖာတို့ကို ရန်ကုန်မြို့မှတဆင့် မလေးရှားနိုင်ငံသို့လေကြောင်းမှ တင်ပို့ပေးခဲ့ပြီး ရေရှည်အနေဖြင့် သယ်ယူပို့ဆောင်မှုနှင့် ဈေးကွက်တွင်းရောက်ရှိချိန်၌ ပန်းများကောင်းမွန်ခြင်း ရှိမရှိပေါ်မူတည်ပြီး ဆက်လက်တင်ပို့သွားမည်ဖြစ်သည့်အတွက် စိုက်ပျိုးသူတောင်သူများ အတွက်လည်း ဈေးကွက်အခွင့်အလမ်းများ ပိုမိုရရှိမည်ဖြစ်ကြောင်း သိရပါသည်။

Source: ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန၊ တောင်ကြီးမြို့

## ယခုနှစ်တွင် မြန်မာ့ထွက်ကုန် ကော်ဖီတန်ချိန် ၁၀,၀၀၀ ပြည်ပနိုင်ငံများသို့ တင်ပို့ရန်စီစဉ်နေ

ယခုနှစ်တွင် မြန်မာ့ထွက်ကုန်ကော်ဖီတန်ချိန် ၁၀,၀၀၀ ပြည်ပနိုင်ငံများသို့တင်ပို့ရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံကော်ဖီအသင်း (မန္တလေးတိုင်းဒေသကြီး) နာယက ဦးရဲမြင့်က ပြောပြ၍သိရသည်။

မြန်မာနိုင်ငံအတွင်း ကော်ဖီစိုက်ဒေသများအလိုက် အရည်အသွေးမြင့် အထူးတန်းဝင်ကော်ဖီကို အများဆုံးစိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ထွက်ရှိလာသည့် ကော်ဖီများကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း၊ အဆိုပါ ကော်ဖီများသည် ယခုလတွင်စတင်ပေါ်နေပြီး နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလတို့တွင် လှိုင်လှိုင်ပေါ်လေ့ရှိကြောင်း၊ ၎င်းကော်ဖီများကို မတ်၊ ဧပြီလ၊ မေလတို့မှ စတင်ပြီး Export အနေဖြင့် ပြည်ပနိုင်ငံများသို့ ကော်ဖီတန်ချိန် ၁၀,၀၀၀ တင်ပို့နိုင်ရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

“ဒီနှစ် ကော်ဖီဈေးကွက်ကောင်းမယ်လို့ မျှော်လင့်ပါတယ်။ ဒီနှစ်မှာတော့ ရာသီဥတုဖောက်ပြန်ပြီး ကော်ဖီခြံတိုင်းဖျက်ပိုးတွေကျရောက်တာကြောင့် အထွက်နှုန်းကတော့ နည်းပါတယ်။ မြန်မာနိုင်ငံမှာ ကော်ဖီထွက်ရှိတာက တန်ချိန် ၁၀,၀၀၀ လောက်ထွက်ပါတယ်။ ပြည်ပကို ထွက်သလောက်တန်ချိန် တင်ပို့ဖို့စီစဉ်ထားပါတယ်။ ကော်ဖီကို ပြည်တွင်းအသုံးပြုမှုလည်း တိုးတက်လာပါတယ်။ ပြည်တွင်းထွက်ကုန်ဖြစ်တဲ့ သွင်းကုန်နဲ့စာရင် ဈေးနှုန်းနှိုင်းယှဉ်နိုင်ပါတယ်။ ကော်ဖီစိုက်ဧရိယာတွေ များလာပါတယ်”ဟု ဦးရဲမြင်ကပြောပြသည်။

အဆိုပါ ကော်ဖီများကို ယခင်နှစ် ကော်ဖီရာသီချိန်တွင် Export အနေဖြင့် ပြည်ပနိုင်ငံများသို့ တန်ချိန် ၅၀၀၀ တင်ပို့နိုင်ခဲ့ကြောင်း၊ ထွက်သလောက်ကော်ဖီများကိုလည်း လက်ကျန်မရှိရောင်းချခဲ့ရကြောင်း၊ ဈေးနှုန်းများအနေဖြင့် ကော်ဖီတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၀၀ မှ ၈၃၀၀ ထိ ဈေးနှုန်းများရရှိခဲ့ကြောင်း၊ ယခုနှစ် ကော်ဖီရာသီတွင်လည်း တန်ချိန် ၁၀,၀၀၀ တင်ပို့နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

## ဘင်္ဂလားဒေ့ရှ်တွင် ဈေးကွက်ရရှိနေသော မြန်မာ့အုန်းသီး

မောင်တောကုန်သွယ်ရေးစခန်း၏ ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ တင်ပို့သော ပို့ကုန်အမယ်များထဲတွင် အုန်းသီးသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ရခိုင်ပြည်နယ် တောင်ပိုင်းမြို့များ၊ မြန်မာပြည်မြစ်ဝကျွန်းပေါ်နှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် အမြောက်အများ စိုက်ပျိုးဖြစ်ထွန်းသည်။ အနည်းဆုံးအပူချိန် (၂၇) ဒီဂရီစင်တီဂရိတ်၊ မိုးရေချိန် (၃၀) လက်မမှ (၇၀) လက်မတွင် စိုက်ပျိုးနိုင်ပြီး သက်တမ်းအလိုက် အမြင့်မျိုး၊ အပုမျိုးနှင့် လိမ္မော်ရောင်မျိုးဟူ၍ (၃) မျိုးခွဲခြားထားသည်။ အုန်းပင်အမြင့်မျိုးမှာ အုန်းထရံ၊ အပုမျိုးမှာ ဝက်မလွတ်၊ လိမ္မော်ရောင်မျိုးမှာ တော်ဝင်အုန်းဟု ခေါ်ဆိုကြသည်။ အမြင့်မျိုးမှာ (၇) နှစ်မှ (၁၀) နှစ်၊ အပုမျိုးမှာ (၃) နှစ် မှ (၅) နှစ်၊ လိမ္မော်ရောင်မျိုး က (၅) နှစ် မှ (၇) နှစ်အတွင်းတွင် စတင်သီးပြီး တစ်နှစ်လျှင် အပင်တစ်ပင်တွင် အလုံး (၁၀၀)ခန့်၊ (၁) ဧက ပျှမ်းမျှအပင် (၅၀)တွင် အလုံး (၅၀၀၀)ခန့် သီးကြောင်း သိရှိရသည်။

အုန်းသီးတွင် အစာခြေနိုင်စွမ်းမြင့်မားစေခြင်း၊ ကိုလက်စထရောကိုကျဆင်းစေခြင်း၊ အရေပြားတွန့်ခြင်းကို ကာကွယ်ပေးနိုင်ခြင်း၊ သွေးအတွင်းသကြားဓါတ်ကို ထိန်းညှိပေးခြင်း၊ ဗိုင်းရပ်(စ်)ပိုးများကို ကာကွယ်တိုက်ဖျက်ပေးခြင်း၊ ဆဲလ်အသစ်များတိုးပွားစေခြင်း၊ ဟိုမုန်းထိန်းချုပ်ပေးခြင်း၊ ကိုယ်အလေးချိန် လျှော့ချပေးနိုင်ခြင်း၊ အာဟာရဓါတ်နှင့် အောက်ဆီဂျင်ကို ဆဲလ်များအတွင်းပို့ဆောင်ပေးနိုင်ခြင်း၊ ဇီဝရုပ်ဖြစ်ပျက်ခြင်းကိုတိုးတက်စေခြင်း၊ ရောဂါများကို ခုခံကာကွယ်ပေးခြင်း၊ မှတ်ဉာဏ်ချို့ယွင်းမှုကို ကာကွယ်ပေးခြင်း၊ ဘက်တီးရီးယားများကို သေစေနိုင်ခြင်းစသည့် အကျိုးကျေးဇူးများပေးနိုင်သည့်အပြင် အုန်းသီးစိမ်းတစ်လုံးတွင် အရည်ပမာဏ (၂၀၀) မီလီလီတာမှ (၁၀၀၀) မီလီလီတာအထိ ပါဝင်ပါတယ်။ အုန်းရည်သည် အရသာရှိပြီး၊ ကယ်လိုရီဓါတ်ပါဝင်မှု ဓါတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်ခြင်းကြောင့် ကိုယ်ခန္ဓာအားစနစ်ကို တိုးမြင့်စေခြင်းစသည့် အကျိုးကျေးဇူး များစွာရှိသည့်အတွက် အုန်းသီးကို လူမျိုးဘာသာမရွေး၊ နေရာဒေသအသီးသီး၌ ကြိုက်နှစ်သက်ရာ မုန့်မျိုးစုံနှင့် ဟင်းအမယ်များတွင်ထည့်၍လည်း စားသုံးတတ်ကြရာ ဒေသတွင်းရောင်းချမှုများရှိသကဲ့သို့ စီးပွားဖြစ်ဝယ်ယူစုဆောင်းပြီး ပြည်ပဈေးကွက်သို့ ထိုးဖောက်ရောင်းချနိုင်ခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ရှိ မာန်အောင်၊ ကျောက်ဖြူ၊ သံတွဲတို့မှ ထွက်ရှိသော အုန်းသီးများအား ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်းမှ တင်ပို့ရောင်းချနိုင်ခဲ့သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်(ဧပြီလမှ စက်တင်ဘာလအထိ) မောင်တောကုန်သွယ်ရေးစခန်းမှ အုန်းသီးတန်ချိန် (၃၁၉) တန်၊ တန်ဖိုး (၀ ဒသမ ၁၂၈) ဒေါ်လာသန်း တင်ပို့နိုင်ခဲ့သည်။ ကျန်းမာရေးအတွက် များစွာအထောက်အကူပြုသကဲ့သို့ ဘာသာရေးပွဲတော်များအတွက် အသုံးပြုသည့်ကုန်ပစ္စည်းဖြစ်သဖြင့် တစ်ဖက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်ဈေးကွက်တွင် ဝယ်လိုအား လိုအပ်လျက်ရှိကြောင်း သတင်းရရှိ သည်။

Source: Ministry of Commerce

## အထူးဆောင်းပါး

### ဆယ်နှစ်တာ တည်ငြိမ်လာတဲ့ ကမ္ဘာ့ဆန်ဈေး အိန္ဒိယပယောဂကြောင့် ပြန်တက်တော့မည်

အိန္ဒိယနိုင်ငံတွင် တလောကလုပ်ဆောင်လိုက်တဲ့ ဆန်ပို့ကုန်ပိတ်ပင်မှုတွေဟာ ဆယ်စုနှစ်တစ်ခုကျော် တည်ငြိမ်လာခဲ့တဲ့ ကမ္ဘာ့ဆန်ဈေးတွေကို ပြန်လည်မြင့်တက်လာစေမယ်လို့ ကုန်သည်တွေက ပြောဆိုလိုက်ပါတယ်။

နယူးဒေလီအစိုးရရဲ့ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဆောင်ရွက်ချက်ဟာ အခြားဆန်ထုတ်နိုင်ငံတွေမှာ ထွက်နှုန်းကျဆင်းနေချိန်နဲ့ ကမ္ဘာ့ဆန်ဝယ်လိုအား မြင့်တက်လာချိန်တို့နဲ့လည်း တိုက်ဆိုင်နေတာပါ။ အိန္ဒိယနိုင်ငံမှာ မုတ်သုံမိုး မမှန်တာကြောင့် စပါးစိုက်ဧရိယာ ထိခိုက်ကျဆင်းခဲ့အပြီး စက်တင်ဘာလထဲမှာ အစိုးရက ဆန်တင်ပို့မှုကို ပိတ်ပင်ကန့်သတ်ခဲ့တာပါ။ ပါကစ္စတန်နိုင်ငံမှာလည်း ဆိုရှားလွန်းတဲ့ ရေကြီးရေလျှံမှုကြောင့် စပါးထွက်နှုန်းတွေ ထိခိုက်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာ ဘင်္ဂလားဒေ့ရှ်နဲ့ ဖိလစ်ပိုင်တို့လို ဆန်အများဆုံးတင်သွင်းတဲ့ နိုင်ငံတွေမှာတော့ ဆန်စားသုံးမှုမြင့်တက်လျက်ရှိပါတယ်။ ဒါကြောင့်လည်း ၂၀၂၂ - ၂၀၂၃ ရာသီအတွင်း ကမ္ဘာ့ဆန်လိုအပ်ချက်ဟာ ကမ္ဘာ့ဆန်ထုတ်လုပ်မှုထက် ပိုများလိမ့်မယ်လို့ သုံးသပ်သူတွေက ပြောဆိုနေကြတာပါ။ ဒါဟာ ဆန်ကို အခြေခံစားသုံးနေပြီး အချို့ဆိုရင် နိုင်ငံဆန်လိုအပ်ချက်ရဲ့ ၆၀ ရာခိုင်နှုန်းလောက်အထိကို တင်သွင်းနေကြရတဲ့ အာရှနဲ့ အာဖရိကနိုင်ငံတွေအတွက် သတင်းဆိုးတစ်ခု ဖြစ်ပါတယ်။

ကမ္ဘာမှာ ဆန်အများဆုံးတင်ပို့နေကျဖြစ်တဲ့ အိန္ဒိယက ဆန်ကွဲတင်ပို့မှုကို ပိတ်ပင်ကာ အခြားဆန် အမျိုးအစားအချို့အပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်လိုက်ပြီးနောက်ပိုင်း ကမ္ဘာ့ဆန်ဈေးတွေ ၁၀ ရာခိုင်နှုန်း ကျော် ခုန်တက်ခဲ့ပါတယ်။ စားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့ (FAO) အရင်လက ထုတ်ပြန်တဲ့ ကမ္ဘာ့ဆန် ဈေးနှုန်းညွှန်းကိန်းဟာ လအလိုက် ၂ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ပြီး ၁၈ လတာအမြင့်ဆုံးအထိ ဆိုက်ရောက်လာပါတယ်။

"နိုင်ငံတကာဆန်ဈေးကွက်မှာ ဈေးတွေတက်နေခဲ့ပြီး နောက်ထပ်လည်း ထပ်မံမြင့်တက်သွားပါဦးမယ်" လို့ အိန္ဒိယ ဆန်လုပ်ငန်း Olam India ရဲ့ ဒုတိယဥက္ကဋ္ဌဖြစ်သူ Nitin Gupta က ပြောပါတယ်။ ကမ္ဘာတစ်ဝန်းက အစိုးရအသီးသီးဟာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကုန်ထုတ်လုပ်ငန်းနဲ့ ကုန်စည်စီးဆင်းမှုကွင်းဆက်ကြီးမြင့်လာတဲ့ စားသောက်ကုန်ဈေးတွေကို ထိန်းချုပ်ဖို့ရုန်းကန်ခဲ့ကြရပါတယ်။ ဒ့ါအပြင် ရုရှားက ယူကရိန်းအပေါ် ကျူးကျော်စစ်ပြုလိုက်တဲ့အတွက် စားသောက်ကုန် တန်ချိန်သန်းပေါင်းများစွာဟာ ကမ္ဘာ့ဈေးကွက်ထဲကို မဝင်နိုင် ဖြစ်ခဲ့ပြီး ယခုနှစ်ဆန်းပိုင်းမှာ ကုန်ဈေးနှုန်းတွေကို စံချိန်တင် မြင့်တက်စေခဲ့ပြန်ပါတယ်။

ဒီလိုအခြေအနေရှိနေတာတောင် အိန္ဒိယပို့ကုန်ပိတ်ပင်မှု မလုပ်သေးခင် လတွေတုန်းက အာရှဆန်လုပ်ငန်းတွေနဲ့ အစိုးရတာဝန်ရှိသူတွေဟာ ဆန်လက်ကျန်များနေလို့ ဆန်ဈေး ဆက်လက်တည်ငြိမ် နေဦးမယ်လို့ ပြောဆိုလာခဲ့ကြပါတယ်။

ဆန်ဟာ ဂျုံနဲ့ မတူဘဲ ယူကရိန်း-ရုရှားစစ်ပွဲရဲ့ ရိုက်ခတ်မှုနည်းပါးခဲ့တာဟာ စစ်ဖြစ်နေတဲ့ နှစ်နိုင်ငံလုံးက ဆန် အကြီးအကျယ်ထုတ်လုပ်သူတွေမဟုတ်ကြလို့ပါ။ နောက်ပြီး ကိုဗစ်-၁၉ ကြောင့် စားသောက်ကုန်တွေ ပြတ်တောက်ခဲ့ချိန် တုန်းကလည်း ဆန်ဟာ တခြားကုန်တွေနဲ့စာရင် ရောင်းအားပိုမိုတည်ငြိမ်ခဲ့ပါတယ်။

ဒါပေမဲ့ လက်ရှိမှာတော့ ထိုင်း၊ ဗီယက်နမ်တို့လို ဆန်တင်ပို့မှုထိပ်တန်းနိုင်ငံတွေဆီမှာ အိန္ဒိယပို့ကုန် ပိတ်လိုက်တာနဲ့ နေရာအနှံ့ ဆန်စပါးအထွက်ကျဆင်းတာကနေ ဖြစ်ပေါ်လာမဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ ဆန်လုံလုံလောက်လောက် ရှိမနေကြပါဘူး။ ကမ္ဘာ့ဆန်လက်ကျန်စာရင်းဟာ လာမဲ့ ၂၀၂၃ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးအထိ ကျဆင်းသွားနိုင်တယ်လို့ ဆန်ကုန်သည်ကြီး သုံးယောက်က သုံးသပ်ပါတယ်။

"အိန္ဒိယဟာ ကမ္ဘာ့ဆန်အရောင်းအဝယ် ၄၀ ရာခိုင်နှုန်းလောက်ကို လက်ဝါးကြီးအုပ်ထားတာဆိုတော့ အခြားနိုင်ငံတွေ အနေနဲ့ အိန္ဒိယပို့ကုန်ကျလာချိန်နဲ့ ဝယ်လက်နိုင်ငံတွေဆီက ဝယ်လိုအားတက်လာချိန်မှာ အစားထိုးဖြည့်ဆည်းပေးနိုင်ဖို့ မလွယ် ကူပါဘူး" လို့ Gupta က ပြောပါတယ်။

**'ထွက်နှုန်းခန့်မှန်းချက်များ နိမ့်ကျလာ'**

အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာန (USDA) ကတော့ ၂၀၂၂-၂၃ ရာသီ ကမ္ဘာ့ဆန်ထုတ်လုပ်မှုဟာ လေးနှစ်အတွင်း အနိမ့်ကျဆုံးအဖြစ် တန်ချိန် ၅၀၈ သန်းသာ ရှိနိုင်မယ်လို့ လျှော့ချခန့်မှန်းထားပါတယ်။ လွန်ခဲ့တဲ့ တစ်လအကြာက ယခုနှစ် ဆန်အထွက် တန်ချိန် ၅၁၂ သန်းရှိမယ်လို့ USDA က ခန့်မှန်းခဲ့တာပါ။

ဒါပေမဲ့ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်လို နိုင်ငံတွေမှာ ပြင်းထန်တဲ့ မိုးလေဝသအခြေအနေတွေကြောင့် သီးနှံအထွက် ထိခိုက်တဲ့အတွက် ကမ္ဘာ့ဆန်ထုတ်လုပ်မှုဟာ တန်ချိန် သန်း ၅၀၀ ဝန်းကျင်ထိတောင် ကျဆင်းလာနိုင်တယ်လို့ ထိပ်တန်းဆန်လုပ်ငန်းကြီးအချို့က ခန့်မှန်းထားပါတယ်။

အိန္ဒိယမှာ ခြောက်သွေ့တဲ့ရာသီဥတုကြောင့် စပါးအစိုက် နောက်ကျခဲ့ပြီး တောင်သူအချို့ဆိုရင် လုံးလုံး မစိုက်ဘဲတောင် နေခဲ့ကြပါတယ်။ ဒီနောက်ပိုင်း စပါးခင်းတွေရင့်မှည့်ချိန်မှာ သည်းထန်တဲ့မိုးကြောင့် စိုက်ခင်းတွေပျက်စီးခဲ့ရပြီး စားသောက်ကုန် ဈေးကြီးမြင့်လာမယ့်အရေး စိုးရိမ်မှု မြင့်တက်လာခဲ့ပါတယ်။

၂၀၂၂-၂၃ ရာသီ အိန္ဒိယမိုးစပါး ဆန်အထွက်ဟာ ခြောက်ရာခိုင်နှုန်း ကျဆင်းပြီး တန်ချိန် ၁၀၅ အထိ လျော့နည်းနိုင် တယ်လို့ အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနက စက်တင်ဘာလထဲမှာ ထုတ်ပြန်ခဲ့ပါတယ်။ ဒါပေမဲ့ ပုဂ္ဂလိကလုပ်ငန်းတွေကတော့ ထွက်နှုန်းဟာ တန်ချိန် ၁၀၀ အထိ နိမ့်ကျလာနိုင်တယ်လို့ ခန့်မှန်းကြပါတယ်။

ဆန်စားသုံးမှုအများဆုံး တရုတ်နိုင်ငံမှာ အပူချိန်မြင့်မားတာနဲ့ စပါးစိုက်ဒေသအချို့ မိုးခေါင်တာတွေကြောင့် ယခုနှစ် ဆန်ထုတ်လုပ်မှု နှစ်အလိုက် ၂ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းပြီး တန်ချိန် ၂၀၆ သန်းသာ ရှိနိုင်မယ်လို့ အတိုင်ပင်ခံလုပ်ငန်းတစ်ခု ဖြစ်တဲ့ Shanghai JC Intelligence Co Ltd က ထုတ်ပြန်ထားပါတယ်။

ဒါဟာ မနှစ်ကနဲ့ယှဉ်ရင် ကြီးမားတဲ့ အပြောင်းအလဲတစ်ခု ဖြစ်ပါတယ်။ မနှစ်တုန်းကတော့ အိန္ဒိယဟာ ပြိုင်ဘက်တွေ ထက် ၃၀ ရာခိုင်နှုန်း ချိုသာတဲ့ဈေးနဲ့ ဆန်တန်ချိန် ၂၁ ဒသမ ၂ သန်းအထိ စံချိန်တင် တင်ပို့ရောင်းချခဲ့ပါတယ်။ ဒါကြောင့် သီးနှံ ရောင်းအား အလျှင်မမီမှုတွေကြောင့် အခြားစားသောက်ကုန်ဈေးတွေ တက်နေချိန်မှာတောင် ကမ္ဘာ့ဆန်ဈေးတွေ မတက်အောင် ထိန်းထားနိုင်ခဲ့တာပါ။ စက်တင်ဘာလ ပို့ကုန်ပိတ်ပင်မှုအပြီး အိန္ဒိယဆန်တင်ပို့ပမာဏဟာ ယခုနှစ်မှာ လေးပုံတစ်ပုံဝန်းကျင် ကျဆင်းလာဖို့ရှိပါတယ်။

**'အထွက်ကျဆင်းမှုများနှင့် အာရှ'**

ဆန်ထုတ်လုပ်မှုထိပ်သီးနိုင်ငံ အားလုံးနီးပါးဟာ ထွက်နှုန်း ကျဆင်းမဲ့အရေး စိတ်ပူနေကြရပြီး ကမ္ဘာ့ဆန်လိုအပ်ချက်က ဆန်ရောင်းလိုအားထက် ပိုများမယ်လို့ အိန္ဒိယဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ B.V. Krishna Rao က ပြောပါတယ်။

အိန္ဒိယက ပို့ကုန်ပိတ်ပင်လိုက်တဲ့အတွက် ပြိုင်ဘက်တွေဖြစ်တဲ့ ဗီယက်နမ်၊ ထိုင်းနဲ့ မြန်မာတို့ရဲ့ ဆန်ရောင်းအားကို မြင့်တက်သွားစေကြောင်း၊ ဒါပေမဲ့ သူတို့မှာလည်း ပြည်ပတင်ပို့ဖို့ရာအတွက် ပိုလျှံဆန် အကန့် အသတ်နဲ့သာ ရှိကြောင်း Rao က ပြောပါတယ်။

ဗီယက်နမ်ရဲ့ စပါးအထွက်နှုန်းကတော့ ယခင်နှစ်အတိုင်း အတက်အကျ မရှိဘဲ တန်ချိန် ၄၃ သန်း ရှိနိုင်မယ်လို့ အစိုးရ ထုတ်ပြန်ခန့်မှန်းချက်တွေအရ သိရပါတယ်။

အိမ်နီးချင်း ထိုင်းကတော့ ယခုနှစ်မှာ ဆန်တန်ချိန် ၇ ဒသမ ၅ သန်း တင်ပို့ဖို့ ရည်ရွယ်ထားတာကြောင့် အရင်နှစ်ရဲ့ မျှော်မှန်းချက် တန်ချိန် ခုနစ်သန်းထက် ခုနစ်ရာခိုင်နှုန်း ပိုများလာမယ်လို့ အစိုးရပြောခွင့်ရပုဂ္ဂိုလ် Anucha Burapachaisri က ပြောပါတယ်။

ဗီယက်နမ်၊ ထိုင်း နှစ်နိုင်ငံပေါင်းရင်တောင် အိန္ဒိယ မတင်ပို့တော့လို့ ဖြစ်ပေါ်လာတဲ့ ဟာကွက်ကို ဖြည့်ဆည်းစရာအဖြစ် တန်ချိန်နှစ်သန်းထက်မများတဲ့ ပမာဏကိုသာ အပိုဆောင်း ရောင်းချပေးနိုင်မယ်လို့ ကုန်သည်တွေက ပြောပါတယ်။

ပါကစ္စတန်နိုင်ငံမှာတော့ စံချိန်တင်ရေကြီးရေလျှံမှုကြောင့် စပါးသီးနှံတွေ ပျက်စီးခဲ့တဲ့အတွက် အိန္ဒိယပို့ကုန်ပိတ်ပင်မှုကို အခွင့်ကောင်းယူနိုင်မှာ မဟုတ်ပါဘူး။ ယခုနှစ် ပါကစ္စတန်ဆန်ထုတ်လုပ်မှုဟာ ၁၈ ရာခိုင်နှုန်း ကျဆင်းပြီး တန်ချိန် ၇ ဒသမ ၄ သန်းသာ ရှိနိုင်မယ်လို့ USDA ထုတ်ပြန်ချက်အရ သိရပါတယ်။

အိန္ဒိယနည်းတူ တရုတ်၊ ဘင်္ဂလားဒေ့ရှ်နဲ့ ဖိလစ်ပိုင်တို့လို ဆန်ထုတ်လုပ်တဲ့ အခြားအာရှနိုင်ငံတွေမှာလည်း မိုးခေါင်၊ ရေကြီး၊ တိုင်ဖွန်းနဲ့ ဆိုင်ကလုန်းမုန်တိုင်းတို့လို မိုးလေဝသအခြေအနေတွေကြောင့် သီးနှံတွေ ထိခိုက်ခဲ့ရပါတယ်။ "အာရှတိုက်အတွင်းက ထူးခြားတဲ့ ဖြစ်ရပ်ပေါင်းစုံဟာ ကမ္ဘာ့ဒေသများစွာမှာရှိနေတဲ့ စားသုံးသူတွေအပေါ် ဆိုးဆိုးရွားရွား ရိုက်ခတ်ပါမယ်။ ဆင်းရဲသားတွေအနေနဲ့ ဈေးပိုကြီးတဲ့ အကောင်းစားဆန်တွေကို ဝယ်ချင်ဝယ်၊ မဝယ်ရင်တော့ ဆန်မရှိဘဲ စခန်းသွားရမယ်။ သူ့တို့အတွက် ရွေးချယ်စရာ မလွယ်ကူလှဘူး" လို့ အိန္ဒိယအကြီးဆုံးဆန်တင်ပို့လုပ်ငန်းရဲ့ အမှုဆောင်ဒါရိုက်တာ Himanshu Agarwal လို့ ပြောပါတယ်။

Source: https://greenwaymyanmar.com/posts/Global_rice_Prices_rise

## ကမ္ဘာ့ဆန်ဈေး အလားအလာ ဆန်းစစ်ချက်

နှစ်ပေါင်း တစ်ဆယ်ကျော် တည်ငြိမ်နေခဲ့တဲ့ ကမ္ဘာ့ဆန်ဈေးနှုန်းများ အိန္ဒိယဆန် တင်ပို့မှုပိတ်ပင်ခြင်းနှင့် ပို့ကုန်ခွန် ကောက်ခံခြင်းတို့ကြောင့် ဆန်ဈေးနှုန်းများ မတည်မငြိမ်ဖြင့် ဈေးတက်လိမ့်မယ်လို့ ဆန်ကုန်သည်များက ခန့်မှန်းထားကြပါတယ်။


အိန္ဒိယက ဆန်တင်ပို့မှု ချုပ်ကိုင်လိုက်ချိန်မှာ ဆန်အဓိက ထုတ်လုပ်တဲ့ နိုင်ငံတွေမှာ အထွက်နှုန်းကျဆင်းနေခြင်း၊ ကမ္ဘာ့ ဆန်ဝယ်လိုအား မြင့်တက်နေခြင်းတို့နှင့် တိုက်တိုက်ဆိုက်ဆိုင် ကြုံနေပါတယ်။ မုတ်သုန်မိုး မမှန်တာကြောင့် အိန္ဒိယမှာ စိုက်ပျိုးဧရိယာ လျော့ကျခဲ့လို့ ဆန်တင်ပို့မှုကို အစိုးရက စက်တင်ဘာလမှာချုပ်ကိုင်ခဲ့ပါတယ်။

ပါကစ္စတန်မှာ ရေကြီးပါတယ်။ ဘင်္ဂလားဒေ့ရှ်မှာလည်း ရေကြီးလို့ စပါးအထွက်နည်းတာကြောင့် မြန်မာအပါအဝင် ဆန်တင်ပို့တဲ့နိုင်ငံများမှ ဆန်ကိုတိုးမြှင့်ဝယ်ယူပါတယ်။ ဖိလစ်ပိုင်ကလည်း ဆန်တင်သွင်းမှု ပိုများနေပါတယ်။ ၂၀၂၂-၂၃ မှာ ဆန်ထုတ်လုပ်မှုထက် ဝယ်လိုအားက ပိုများလိမ့်မယ်လို့ ကြိုတင်ခန့်မှန်းထားကြပါတယ်။ ဆန်ကိုအဓိကထား စားသုံးနေပြီး ပြည်တွင်း ဆန်လိုအပ်ချက်ကို ပြည်ပမှ ဆန်တင်သွင်းပြီး ဖြည့်တင်းနေရတဲ့ အာဖရိကနှင့် အာရှမှ နိုင်ငံအချို့အဖို့ သတင်းဆိုးဖြစ်ပါတယ်။

. ကမ္ဘာ့ဆန်အများဆုံးတင်ပို့တဲ့ အိန္ဒိယနိုင်ငံက ဆန်ကွဲတင်ပို့မှုပိတ်ပင်ထားပြီး ဘာစမာတီမဟုတ်သော ဆန် အမျိုးအစားအချို့ တင်ပို့ခြင်းအပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်ဖို့ ပြဋ္ဌာန်းထားပါတယ်။ အကျိုးဆက်အဖြစ် ကမ္ဘာ့ဆန်ဈေး ၁၀ ရာခိုင်နှုန်း မြင့်တက်ပါတယ်။ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့Food and Agriculture Organization FAO မှ လစဉ်ထုတ်ပြန်ပေးတဲ့ ကမ္ဘာ့ဆန် ဈေးနှုန်းညွှန်းကိန်း ၂ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ၁၈ လတာမှာ အမြင့်ဆုံးသို့ ရောက်ရှိခဲ့ပါတယ်။ “နိုင်ငံတကာ ဈေးကွက်ထဲ ဆန်ဈေး တက်တယ်။ ဒီထက်ပိုပြီး တက်ဦးမှာပါ” လို့ Olam India ဆန်စပါးလုပ်ငန်းမှ ဒုတိယဥက္ကဋ္ဌ Nitin Gupta က ရိုက်တာသတင်းဌာနကို ပြောကြားပါတယ်။

ကမ္ဘာတစ်ဝှမ်းရှိ အစိုးရများဟာ COVID-19 ကြောင့် ထုတ်လုပ်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်များ ကမောက်ကမ ဖြစ်ခြင်းများကြောင့် စားသောက်ကုန် ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းညှိရန် ရုန်းကန်နေကြရပါတယ်။ ယူကရိန်းကို ရုရှားက ကျူးကျော်ဝင်ရောက်တဲ့ စစ်ပွဲရှည်ကြာနေတာကြောင့် ကမ္ဘာ့ဈေးကွက်ထဲ စားသောက်ကုန် တန်ချိန်သန်းပေါင်းများစွာ မဝင်လာတော့ပါဘူး။ ကုန်ဈေးနှုန်း ခေါင်ခိုက်သွားစေပါတယ်။ အိန္ဒိယက ပို့ကုန်ကန့်သတ်ချက်ကို လွန်ခဲ့သည့်လအနည်းငယ်က အကောင်အထည်မဖော်မီက အာရှဆန်ကုန်သည်များက ဆန်များ ပိုပိုလျှံလျှံ ရှိနေတာကြောင့် ဆန်ဈေးတက်မှာ မဟုတ်ကြောင်း


ပြောဆိုခဲ့ကြပါတယ်။ ယခုအခါ အိန္ဒိယ တင်ပို့မှု လျော့ကျသွားတဲ့ ပမာဏနှင့် ရာသီဥတုကြောင့် စပါးအထွက်လျော့နည်းတဲ့ ပမာဏတို့ကို ဖြည့်တင်းပေးဖို့ ထိုင်းနှင့် ဗီယက်နမ်တို့မှာ ဆန်အလုံအလောက် မရှိပါဘူး။ ၂၀၂၃ ခုနှစ်တွင် ကမ္ဘာ့ဆန်လက်ကျန် ၅ နှစ်တာအတွင်း အနိမ့်ဆုံးသို့ ကျဆင်းသွားနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ "အိန္ဒိယက ကမ္ဘာ့ဆန်ကုန်သွယ်ရေးရဲ့ ၄၀% ကို တင်ပို့နေတာကြောင့် ထိပ်တန်း ဆန်တင်သွင်းသူများထံမှ ဝယ်လိုအားမြင့်တက်လာတဲ့အခါ ကမ္ဘာ့ဈေးကွက်ထဲ လျော့နည်းနေတဲ့ အိန္ဒိယဆန်ပမာဏကို အစားထိုးတက်ပို့ပေးဖို့မလွယ်ကူဘူး" လို့ Nitin Gupta က ပြောကြားပါတယ်။




အမေရိကန် စိုက်ပျိုးရေးဌာန U.S. Agriculture Department (USDA) က ၂၀၂၂ - ၂၃ ကမ္ဘာ့ဆန် ထုတ်လုပ်မှု ပမာဏစုစုပေါင်းကို တန်ချိန် ၅၀၈ သန်းလို့ လျှော့ချ ခန့်မှန်းပါတယ်။ ၄ နှစ်တာမှာ အနိမ့်ဆုံး ဖြစ်ပါတယ်။ ယခင်က တန်ချိန် ၅၁၂ သန်းလို့ ခန့်မှန်းထားတာကို လျှော့ချလိုက်တာ ဖြစ်ပါတယ်။

ကမ္ဘာ့ဆန်ရောင်းဝယ်ရေးလုပ်ငန်းအချို့တို့က တန်ချိန် သန်း ၅၀၀ မျှသာ ဖြစ်လိမ့်မယ်လို့ ခန့်မှန်းပါတယ်။ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန်တို့မှာ ရာသီဥတု အလွန်အမင်းဆိုးဝါးတာကြောင့် အထွက်နှုန်းအများကြီး လျော့ကျလိမ့်မယ်လို့ ဆိုပါတယ်။

အိန္ဒိယမှာ စပါးစစိုက်တဲ့ကာလမှာ မိုးမရလို့ စိုက်တာ နောက်ကျခဲ့ပါတယ်။ မစိုက်ဖြစ်တော့တဲ့ နေရာဒေသတွေလည်း ရှိခဲ့ပါတယ်။ စပါးမှည့်ချိန်မှာ မိုးသည်းထန်တာကြောင့် ထိခိုက်ပျက်စီးမှုတွေ ရှိနေပါတယ်။ အထွက်နည်းမည့်အပြင် အရည်အသွေးကျဆင်းပါလိမ့်မယ်။ အိန္ဒိယနိုင်ငံ နွေစပါးအထွက်နှုန်း ၂၀၂၂ - ၂၃ တွင် တန်ချိန် ၁၀၅ သန်းအထိ ကျဆင်းနိုင်ဖွယ် ရှိကြောင်း လယ်ယာဝန်ကြီးဌာနက စက်တင်ဘာလတွင် ပြောကြားခဲ့ပါတယ်။ ပုဂ္ဂလိက ကုန်သည်များက တန်ချိန် သန်း ၁၀၀ မျှသာ ရရှိမယ်လို့ ခန့်မှန်းကြပါတယ်။




ဆန်အများဆုံးစားသုံးတဲ့ နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံတွင် ဆန်ထွက်ရှိမှု ယမန်နှစ်ကထက် ၂ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းသွားနိုင်ကြောင်း၊ ဆန်စပါးစိုက်ပျိုးသော ဒေသအချို့တွင် အပူချိန်မြင့်မားမှုနှင့် မိုးခေါင်မှုကြောင့် ဆန်တန်ချိန် ၂၀၆ သန်းအထိ ကျဆင်းသွားနိုင်ကြောင်း အတိုင်ပင်ခံကုမ္ပဏီ Shanghai JC Intelligence Co Ltd မှ ပြောကြားပါတယ်။ ယမန်နှစ်နှင့် ယခုနှစ်အခြေအနေ အနေအထားအကြီးအကျယ်ကွာခြားပါတယ်။

ယမန်နှစ်မှာ အိန္ဒိယက စံချိန်တင် ဆန်တန်ချိန် ၂၁ ဒသမ ၂ သန်း တင်ပို့ခဲ့ပြီး ပြိုင်ဘက် ဆန်တင်ပို့တဲ့ နိုင်ငံများထက် ၃၀ ရာခိုင်နှုန်း ဈေးသက်သာလို့ ကမ္ဘာ့ဆန်ဈေးကို ဈေးတက်ဖို့ ခဲယဉ်းနေအောင် အိန္ဒိယဆန်က ထိန်းပေးရာ ရောက်ခဲ့ပါတယ်။ ယခုနှစ်မှာတော့ အိန္ဒိယဆန် တင်ပို့မှုကို အစိုးရက ချုပ်ကိုင်ထားလို့ တင်ပို့တဲ့ပမာဏ လေးပုံတစ်ပုံအထိ လျော့ကျဖွယ်ရှိပါတယ်။ ထိပ်တန်းဆန်ထုတ်လုပ်တဲ့ နိုင်ငံအားလုံးနီးပါး ဆန်အထွက်နည်းသဖြင့် ကမ္ဘာ့ဝယ်လိုအားက ထုတ်လုပ်မှုထက် သာလွန်ဖွယ်ရှိတယ်လို့ အိန္ဒိယဆန်တင်ပို့သူများအသင်းဥက္ကဋ္ဌ B.V. Krishna Rao က ပြောပါတယ်။

. အိန္ဒိယ ဆန်ပို့ကုန်ကန့်သတ်ချက်များကြောင့် ပြိုင်ဖက် တင်ပို့သူ ဗီယက်နမ်၊ ထိုင်းနှင့် မြန်မာတို့ရဲ့ ရောင်းအားကို မြှင့်တင်ရန် ကူညီပေးသော်လည်း ဆန်ပို့ကုန်အတွက် ပိုပိုလျှံလျှံ ဖြစ်နေဖို့အတွက် အကန့်အသတ် ရှိနေတယ်လို့ Rao က ပြောပါတယ်။

## Lion's share

India accounted for nearly 40% of the global broken rice exports in 2020 and 2021; the chart shows the 10 countries with the highest broken rice export share in this period.




Source: UN Comtrade Database | Reuters, Oct. 21, 2022 | By Sumanta Sen and Riddhima Talwani

ဗီယက်နမ် စပါးအထွက်နှုန်းက ယမန်နှစ်ကအတိုင်း ယခုနှစ်မှာ တန်ချိန် ၄၃ သန်း ဖြစ်မယ်လို့ အစိုးရက ခန့်မှန်းပါတယ်။ ထိုင်းနိုင်ငံက တန်ချိန် ၇.၅ သန်း ယခုနှစ်မှာ တင်ပို့ဖို့ လျာထားပါတယ်။ ယခင် တန်ချိန် ၇ သန်း ခန့်မှန်းခဲ့ပြီး ယခု ၇ ရာခိုင်နှုန်း ခန့် တိုးမြှင့်ခန့်မှန်းထားတာ ဖြစ်ပါတယ်။

ကမ္ဘာ့ဈေးကွက်မှာ အိန္ဒိယဆန်လျော့ကျမည့်ပမာဏကို နှစ်နိုင်ငံပေါင်း ဆန်တန်ချိန် ၂ သန်းထက် ပိုမထည့်ပေးနိုင်ဘူးလို့ ကုန်သည်များက ခန့်မှန်းကြပါတယ်။ တစ်ချိန်တည်းမှာပင် ပါကစ္စတန်ကလည်း ၎င်း၏ သီးနှံများကို ဆိုးရွားစွာ ရေလွှမ်းမိုးမှု ခံခဲ့ရပြီး ကိုယ့်ဒုက္ခနှင့်ကိုယ် ဖြစ်နေလို့ ကမ္ဘာ့ဈေးကွက်မှာ အိန္ဒိယဆန် လျော့ကျမယ့် ပမာဏကို ဖြည့်တင်းပေးနိုင်တော့မှာ မဟုတ်ပါဘူး။ ဆန်တန်ချိန် ၇ ဒသမ ၄ သန်း ထွက်ရှိမယ်လို့ USDA ကခန့်မှန်းထားပါတယ်။ အာရှမှ စပါးစိုက်ပျိုးတဲ့ နိုင်ငံများဖြစ်ကြတဲ့ တရုတ်၊ ဘင်္ဂလားဒေ့ရှ်နှင့် ဖိလစ်ပိုင်တို့မှာလည်း ရာသီဥတုအလွန်ဆိုးဝါးခဲ့ပါတယ်။ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ တိုင်ဖွန်းနှင့် ဆိုင်ကလုန်းများကြုံရပါတယ်။ "အာရှမှာ ပုံမှန်မဖြစ်တဲ့အဖြစ်အပျက်တွေ ပေါင်းဆုံတာကြောင့် ကမ္ဘာ့နေရာအတော်များများမှာ စားသုံးသူတွေကို ဆိုးဆိုးရွားရွားထိခိုက်စေပြီး ဆင်းရဲသားစားသုံးသူ အများအပြားက ပိုဈေးကြီးတာ၊ တန်းမြင့်ဆန် သာလွန်တဲ့အဆင့်တွေ ဝယ်စားကြရလိမ့်မယ်။ ဒါမှမဟုတ် ဆန်အစားထိုး တခြားဟာတွေ ဝယ်စားကြရလိမ့်မယ်"လို့ အိန္ဒိယမှ အကြီးဆုံးဆန်တင်ပို့သူ Satyam Balajee မှ အမှုဆောင်ဒါရိုက်တာ Himanshu Agarwal က ပြောကြားပါတယ်။ Source Reuters

Source: https://www.industrialdirectory.com.mm/article/rice-prices-stability-prospect.html

## ပြည်ပသို့ တင်ပို့သည့် သို့မဟုတ် ပြည်ပမှ တင်သွင်းသည့် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနှင့် ပဲပုပ်ဆီတို့၏ အရည်အသွေး သတ်မှတ်သည့်အမိန့်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ပသို့ တင်ပို့သည့် သို့မဟုတ် ပြည်ပမှ တင်သွင်းသည့် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနှင့် ပဲပုပ်ဆီတို့၏ အရည်အသွေးကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

| စဉ် | အရည်အသွေးစစ်ဆေးမှုများ (Parameters) | မြေပဲဆီ | နှမ်းဆီ | နေကြာဆီ | ပဲပုပ်ဆီ |
|---|---|---|---|---|---|
| (က) | Iodine Value (I.V) | 86-107 | 104-120 | 118-141 | 124-139 |
| (ခ) | Relative density (20˚C/water at 20 ˚C) | 0.909-0.920 | 0.915-0.924 | 0.918-0.923 | 0.919-0.925 |
| (ဂ) | Free Fatty Acid (F.F.A) | 2 % (max) | 2 % (max) | 0.1% (max) | 0.05% (max) |
| (ဃ) | Saponification value (mg KOH/g oil) | 187-196 | 186-195 | 188-194 | 189-195 |
| (င) | Unsaponification Matter | ≤ 10 | ≤ 20 | ≤ 15 | ≤ 15 |
| (စ) | Peroxide Value (P.V) meq O2/kg oil | < 5 | < 5 | 2 (စက်ရုံထွက်) < 5 (ဆိပ်ကမ်းရောက်) | 2 (စက်ရုံထွက်) < 5 (ဆိပ်ကမ်းရောက်) |
| (ဆ) | Rancidity | Negative | Negative | Negative | Negative |
| (ဇ) | Moisture and Volatile Matter (105˚C) | 0.1% (max) | 0.1% (max) | 0.1% (max) | 0.1% (max) |
| (ဈ) | Refractive - index (ND 40˚C) | 1.460-1.465 | 1.465-1.469 | 1.451-1.468 | 1.461-1.470 |
| (ည) | Insoluble Impurities | 0.05 % (max) | 0.05 % (max) | 0.05 % (max) | 0.05 % (max) |

Source: Ministry Of Commerce

## အကောက်ခွန်နှုန်း လျှော့ချသတ်မှတ်ခြင်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၉၀/၂၀၂၂)အရ အကောက်ခွန်နှုန်း ဥပဒေပုဒ်မ ၁ ပုဒ်မခွဲ (ဃ)အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန် လိုက်ကြောင်း သိရှိရပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း လျှပ်စစ်သုံးယာဉ်များအသုံးပြုမှုနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်ပမှ Completely Built Up-CBU စနစ်၊ Completely Knocked Down- CKD စနစ်နှင့် Semi-Knocked Down- SKD စနစ်တို့ဖြင့်တင်သွင်းသည့် အောက်ဖော်ပြပါ ဘက်ထရီမှ လျှပ်စစ်စွမ်းအင်ကို ရယူမောင်းနှင်သည့် လျှပ်စစ်သုံးယာဉ် (Battery Electric Vehicle-BEV) အမျိုးအစားများအတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ တွင် သတ်မှတ်ထားသော အကောက်ခွန်နှုန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ သုညရာခိုင်နှုန်းသို့ လျှော့ချ သတ်မှတ်လိုက်သည်-

(က) လမ်းပေါ်တွင်မောင်းနှင်နိုင်သည့် နောက်တွဲယာဉ်ကို ဆွဲသည့်ယာဉ် (Road tractor for Semi-trailer)၊

(ခ) ယာဉ်မောင်းအပါအဝင် (၁၀) ဦး သို့မဟုတ် (၁၀) ဦးနှင့်အထက် စီးနင်းနိုင်သော ခရီးသည်တင် မော်တော်ယာဉ်
(Bus) (Motor Vehicles for the transport of ten or more person including the driver)၊
(ဂ) ကုန်တင်ယာဉ် (Truck)၊
(ဃ) လူစီးယာဉ် (Motor Vehicles for the transport of person)၊
(င) သုံးဘီးတပ်ယာဉ်(လူစီး)(Three-wheeled vehicles for transport of person)၊
(စ) သုံးဘီးတပ်ယာဉ်(ကုန်တင်)(Three-wheeled vehicles for transport of Goods)၊
(ဆ) လူစီး နှစ်ဘီးထပ် လျှပ်စစ်မော်တော်ဆိုင်ကယ် (Electric Motorcycle)၊
(ဇ) လူစီး နှစ်ဘီးထပ် လျှပ်စစ်စက်ဘီး (Electric Bicycle)၊
(ဈ) လူနာတင်ယာဉ် (Ambulances)၊
(ည) ထောင်ကား (Prison Vans)၊
(ဋ) နိဗ္ဗာန်ယာဉ် (Hearses)၊
(ဌ) အပိုဒ်ခွဲ (က)မှ (ဋ)ထိပါ လျှပ်စစ်သုံးယာဉ်များနှင့် စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ တင်သွင်းခြင်းအတွက် နည်းပညာပိုင်းဆိုင်ရာ ထောက်ခံချက်ပါရှိသည့် လျှပ်စစ်သုံးယာဉ်များ၏ ဆက်စပ်ပစ္စည်းများ (ဥပမာ- အားသွင်းရုံဆိုင်ရာပစ္စည်းများ၊ အားသွင်းစနစ်ဆိုင်ရာပစ္စည်းများ) နှင့် စက်မှုဝန်ကြီးဌာန၏ တင်သွင်းခြင်းအတွက် ထောက်ခံချက်ပါရှိသည့် လျှပ်စစ်သုံးယာဉ် များ၏ အပိုပစ္စည်း (Spare Part) များ။

ဤအမိန့်ကြော်ငြာစာသည် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်မှ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်ထိ အကျိုး သက်ရောက်စေရမည်။
Source: စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ကုန်သွယ်မှုအခြေအနေ

### ၂၀၂၂၊ အောက်တိုဘာလ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်း(ပို့ကုန်) | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | | စဉ် | ပစ္စည်း(သွင်းကုန်) | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 57,680,905.037 | 364.136 | | 1 | ရေနံထွက်ပစ္စည်းများ | 419.571 |
| 2 | သဘာဝဓါတ်ငွေ့ | kg | 21,078,524.251 | 247.613 | | 2 | ချည်ထည်များ | 95.129 |
| 3 | ပြောင်း | မတန် | 188,039.083 | 56.204 | | 3 | ဆေးဝါးပစ္စည်းများ | 59.303 |
| 4 | ဆန် | မတန် | 131,295.379 | 52.002 | | 4 | ဓါတ်မြေသြဇာများ | 53.036 |
| 5 | မတ်ပဲ | မတန် | 60,701.313 | 51.690 | | 5 | စက်နှင့်စက်ပစ္စည်းများ | 52.521 |
| 6 | ငါး | မတန် | 29,427.255 | 30.990 | | 6 | ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ | 47.764 |
| 7 | ဆန်ကွဲ | မတန် | 62,654.660 | 21.876 | | 7 | စားအုန်းဆီ | 46.484 |
| 8 | ရော်ဘာစိမ်း | မတန် | 13,648.020 | 18.841 | | 8 | ဓါတုဗေဒပစ္စည်းများ | 45.374 |
| 9 | ပဲတီစိမ်း | မတန် | 22,143.303 | 14.826 | | 9 | လျှပ်စစ်ဓါတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ | 38.017 |
| 10 | ပုစွန် | မတန် | 1,630.944 | 8.050 | | 10 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 29.287 |

## ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၂-၂၀၂၃ (၂၈-၁၀-၂၀၂၂ )ထိ | ၂၀၂၁-၂၀၂၂ (Mini Budget) (၂၈-၁၀-၂၀၂၁ ) ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 1945.991 | 1937.964 | 8.027 |
| ၂ | တိရိစ္ဆာန်ထွက် | 17.580 | 2.960 | 14.620 |
| ၃ | ရေထွက် | 407.459 | 409.484 | -2.025 |
| ၄ | သတ္တုတွင်းထွက် | 183.227 | 431.703 | -248.476 |
| ၅ | သစ်တောထွက် | 85.657 | 73.230 | 12.427 |
| ၆ | စက်မှုကုန်ချော | 6711.798 | 4640.029 | 2071.769 |
| ၇ | အခြား | 285.297 | 478.283 | -192.986 |
| | **စုစုပေါင်း** | **9637.009** | **7973.653** | **1663.356** |

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၂-၂၀၂၃ (၂၈-၁၀-၂၀၂၂)ထိ | ၂၀၂၁-၂၀၂၂ (Mini Budget) (၂၈-၁၀-၂၀၂၁)ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 1713.005 | 2011.540 | -298.535 |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 4645.712 | 2905.611 | 1740.101 |
| ၃ | လူသုံးကုန်ပစ္စည်း | 1777.341 | 2019.142 | -241.801 |
| ၄ | CMP | 1562.631 | 884.692 | 678.002 |
| | | | | |
| | | | | |
| | **စုစုပေါင်း** | **9698.689** | **7820.922** | **1877.767** |

## ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၂၊ အောက်တိုဘာလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၁.၁၁-၂၀၂၂) ထိ

| မြို့နယ် | ဆန်ကြမ်းထိပ်စ | ပေါ်ဆန်း |
|---|---|---|
| ဖျာပုံ | – | 57000–58000 |
| မြောင်းမြ | – | 60000–64000 |
| ဒေးဒရဲ | – | 57000–58000 |
| ဝါးခယ်မ | 41000–42000 | 55000–56000 |
| ဘိုကလေး | 41000–42000 | 59000–60000 |
| မော်ကျွန်း | 41000–42000 | 58000–59000 |
| လပွတ္တာ | – | 60000–61000 |
| ကျိုက်လတ် | 41000–42000 | 56000–59000 |
| ဘုရင့်နောင် | 40500–41500 | 75000–83000 (ရွှေဘို) |

Source: MRF

### ၂၀၂၂၊ အောက်တိုဘာလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 3.10.2022 | 1350-1400 | 1300-1350 | 1250-1300 | 1200-1250 | 1150-1200 |
| 2 | 11.10.2022 | 1350-1400 | 1300-1350 | 1250-1300 | 1200-1250 | 1150-1200 |
| 3 | 17.10.2022 | 1350-1400 | 1300-1350 | 1250-1300 | 1200-1250 | 1150-1200 |
| 4 | 25.10.2022 | 1350-1400 | 1300-1350 | 1250-1300 | 1200-1250 | 1150-1200 |
| 5 | 31.10.2022 | 1300-1350 | 1250-1300 | 1200-1250 | 1150-1200 | 1100-1150 |

Source: MRPPA

## ၂၀၂၂ အောက်တိုဘာလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(သစ်) | | | ခွံနီ(ရှယ်)(သစ်) | | | ဧည့်မထ | | | ငစိန်(သစ်) | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 3.10.2022 | 61000 | 60000 | 58000 | 52000 | 51000 | 50000 | 44500 | 43500 | 43000 | 46000 | 45000 | 44000 |
| 2 | 4.10.2022 | 61000 | 60000 | 58000 | 52000 | 51000 | 50000 | 44500 | 43500 | 43000 | 46000 | 45000 | 44000 |
| 3 | 5.10.2022 | 61000 | 60000 | 58000 | 52000 | 51000 | 50000 | 44500 | 43500 | 43000 | 46000 | 45000 | 44000 |
| 4 | 6.10.2022 | 61000 | 60000 | 58000 | 52000 | 51000 | 50000 | 44500 | 43500 | 43000 | 46000 | 45000 | 44000 |
| 5 | 7.10.2022 | 61000 | 60000 | 58000 | 52000 | 51000 | 50000 | 44500 | 43500 | 43000 | 46000 | 45000 | 44000 |
| 6 | 11.10.2022 | 59000 | 58000 | 57000 | 48000 | 47500 | 47000 | 43500 | 43000 | 42500 | 46000 | 45000 | 44000 |
| 7 | 12.10.2022 | 59000 | 58000 | 57000 | 48000 | 47500 | 47000 | 43500 | 43000 | 42500 | 46000 | 45000 | 44000 |
| 8 | 13.10.2022 | 59000 | 58000 | 57000 | 48000 | 47500 | 47000 | 43500 | 43000 | 42500 | 46000 | 45000 | 44000 |
| 9 | 14.10.1022 | 59000 | 58000 | 57000 | 48000 | 47500 | 47000 | 43500 | 43000 | 42500 | 46000 | 45000 | 44000 |
| 10 | 17.10.2022 | 59000 | 58000 | 57000 | 48000 | 47500 | 47000 | 43500 | 43000 | 42500 | 46000 | 45000 | 44000 |
| 11 | 18.10.2022 | 59000 | 58000 | 57000 | 48000 | 47500 | 47000 | 43500 | 43000 | 42500 | 46000 | 45000 | 44000 |
| 12 | 19.10.2022 | 59000 | 58000 | 57000 | 48000 | 47500 | 47000 | 43500 | 43000 | 42500 | 46000 | 45000 | 44000 |
| 13 | 20.10.2022 | 59000 | 58000 | 57000 | 48000 | 47500 | 47000 | 43500 | 43000 | 42500 | 46000 | 45000 | 44000 |
| 14 | 21.10.2022 | 59000 | 58000 | 57000 | 48000 | 47500 | 47000 | 43500 | 43000 | 42500 | 46000 | 45000 | 44000 |
| 15 | 25.10.2022 | 59000 | 58000 | 57000 | – | – | – | 43500 | 43000 | 42500 | 46000 | 45000 | 44000 |
| 16 | 26.10.2022 | 59000 | 58000 | 57000 | – | – | – | 43500 | 43000 | 42500 | 46000 | 45000 | 44000 |
| 17 | 27.10.2022 | 59000 | 58000 | 57000 | – | – | – | 43500 | 43000 | 42500 | 46000 | 45000 | 44000 |
| 18 | 28.10.2022 | 59000 | 58000 | 57000 | – | – | – | 43500 | 43000 | 42500 | 46000 | 45000 | 44000 |
| 19 | 31.10.2022 | 59000 | 58000 | 57000 | – | – | – | 43500 | 43000 | 42500 | 46000 | 45000 | 44000 |

**Source: Myanmar Rice**

## ၂၀၂၂ အောက်တိုဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/Rc | ပဲစင်းငုံ RC | ပဲတီစိမ်း (ပခုက္ကူ) | ပဲတီစိမ်း ရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2022 | 2022 | | | | |
| 1 | 3.10.2022 | 1830000 | 1975000 | 1632000–1788200 | 1938200–2143400 | 1938200–1990300 | 1436100–1598300 |
| 2 | 4.10.2022 | 1817000 | 1980000 | 1632000–1788200 | 1938200–2042300 | 1938200–1990300 | 1436100–1598300 |
| 3 | 5.10.2022 | 1827000 | 1975000 | 1684100–1788200 | 1938200–2042300 | 1938200–1990300 | 1436100–1598300 |
| 4 | 6.10.2022 | 1820000 | 1975000 | 1632000–1788200 | 1938200–2042300 | 1990300–2042300 | 1436100–1598300 |
| 5 | 7.10.2022 | 1787500 | 1975000 | 1632000–1788200 | 1938200–2042300 | 1990300–2042300 | 1436100–1598300 |
| 6 | 11.10.2022 | 1795000 | 1975000 | 1632000–1788200 | 1938200–2042300 | 1990300–2042300 | 1436100–1598300 |
| 7 | 12.10.2022 | 1810000 | 1975000 | 1632000–1736100 | 1938200–2042300 | 1990300–2042300 | 1436100–1598300 |
| 8 | 13.10.2022 | 1840000 | 1975000 | 1632000–1736100 | 1938200–2042300 | 1990300–2042300 | 1436100–1598300 |
| 9 | 14.10.1022 | 1841000 | 1980000 | 1632000–1736100 | 1938200–2042300 | 1990300–2042300 | 1436100–1598300 |
| 10 | 17.10.2022 | 1835000 | 1980000 | 1632000–1736100 | 1938200–2042300 | 1990300–2042300 | 1436100–1683500 |
| 11 | 18.10.2022 | 1845000 | 1975000 | 1632000–1736100 | 1938200–2042300 | 1990300–2042300 | 1436100–1683500 |
| 12 | 19.10.2022 | 1819000 | 1975000 | 1632000–1736100 | 1938200–2042300 | 1990300–2042300 | 1436100–1683500 |
| 13 | 20.10.2022 | 1797000 | 1965000 | 1632000–1736100 | 1938200–2042300 | 1990300–2042300 | 1436100–1683500 |
| 14 | 21.10.2022 | 1808000 | 1965000 | 1632000–1736100 | 1938200–2042300 | 1990300–2042300 | 1436100–1683500 |
| 15 | 25.10.2022 | 1790000 | 1990000 | 1632000–1736100 | 1938200–2042300 | 1990300–2042300 | 1436100–1683500 |
| 16 | 26.10.2022 | 1760000 | 1980000 | 1632000–1736100 | 1938200–2042300 | 1990300–2042300 | 1436100–1683500 |
| 17 | 27.10.2022 | 1760000 | 1975000 | 1632000–1736100 | 1938200–1990300 | 1990300–2091300 | 1436100–1683500 |
| 18 | 28.10.2022 | 1760000 | 1975000 | 1632000–1736100 | 1938200–1990300 | 1990300–2091300 | 1436100–1683500 |
| 19 | 31.10.2022 | 1730000 | 1975000 | 1632000–1736100 | 1886200–1941300 | 1990300–2091300 | 1436100–1683500 |

**Source: ဘုရင့်နောင်ကုန်စည်ဒိုင်**

## ၂၀၂၂၊ အောက်တိုဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆံ |
|---|---|---|---|---|---|---|
| 1 | 3.10.2022 | 2706800–2820100 | 1325800–1377900 | 1325800–1408500 | 1733100–1788200 | 630800–643000 |
| 2 | 4.10.2022 | 2706800–2820100 | 1325800–1377900 | 1325800–1408500 | 1733100–1788200 | 630800–643000 |
| 3 | 5.10.2022 | 2706800–2820100 | 1325800–1377900 | 1325800–1408500 | 1733100–1788200 | 630800–643000 |
| 4 | 6.10.2022 | 2706800–2820100 | 1273800–1377900 | 1325800–1408500 | 1733100–1788200 | 612400–624600 |
| 5 | 7.10.2022 | 2706800–2820100 | 1273800–1377900 | 1325800–1408500 | 1733100–1788200 | 612400–624600 |
| 6 | 11.10.2022 | 2706800–2820100 | 1273800–1377900 | 1325800–1408500 | 1733100–1788200 | 612400–624600 |
| 7 | 12.10.2022 | 2706800–2820100 | 1273800–1377900 | 1325800–1408500 | 1733100–1788200 | 612400–624600 |
| 8 | 13.10.2022 | 2706800–2820100 | 1273800–1377900 | 1325800–1408500 | 1733100–1788200 | 636900–649100 |
| 9 | 14.10.1022 | 2706800–2820100 | 1273800–1377900 | 1325800–1408500 | 1733100–1788200 | 636900–649100 |
| 10 | 17.10.2022 | 2706800–2820100 | 1273800–1377900 | 1325800–1408500 | 1733100–1788200 | 649100–661400 |
| 11 | 18.10.2022 | 2706800–2764900 | 1273800–1377900 | 1325800–1408500 | 1733100–1788200 | 649100–661400 |
| 12 | 19.10.2022 | 2706800–2764900 | 1273800–1377900 | 1325800–1408500 | 1733100–1788200 | 649100–661400 |
| 13 | 20.10.2022 | 2706800–2764900 | 1255400–1328900 | 1325800–1408500 | 1733100–1788200 | 649100–661400 |
| 14 | 21.10.2022 | 2706800–2764900 | 1255400–1328900 | 1325800–1377900 | 1733100–1788200 | 649100–661400 |
| 15 | 25.10.2022 | 2706800–2764900 | 1255400–1328900 | 1325800–1377900 | 1733100–1788200 | 649100–661400 |
| 16 | 26.10.2022 | 2706800–2764900 | 1255400–1328900 | 1325800–1377900 | 1733100–1788200 | 649100–661400 |
| 17 | 27.10.2022 | 2706800–2764900 | 1255400–1328900 | 1325800–1377900 | 1733100–1788200 | 655300–667500 |
| 18 | 28.10.2022 | 2706800–2764900 | 1255400–1328900 | 1325800–1408500 | 1733100–1788200 | 655300–667500 |
| 19 | 31.10.2022 | 2706800–2764900 | 1255400–1328900 | 1325800–1408500 | 1733100–1788200 | 673600–685900 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၂၊ အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)နှင့် မြန်မာ့ရွှေဈေး (ကျပ်)

| No | Date | London | New York |
|---|---|---|---|
| 1 | 3.10.2022 | 1667 | 1671 |
| 2 | 4.10.2022 | 1701 | 1707 |
| 3 | 5.10.2022 | 1722 | 1725 |
| 4 | 6.10.2022 | 1724 | 1727 |
| 5 | 7.10.2022 | 1712 | 1716 |
| 6 | 11.10.2022 | 1669 | 1672 |
| 7 | 12.10.2022 | 1667 | 1670 |
| 8 | 13.10.2022 | 1672 | 1675 |
| 9 | 14.10.1022 | 1673 | 1676 |
| 10 | 17.10.2022 | 1652 | 1657 |
| 11 | 18.10.2022 | 1655 | 1658 |
| 12 | 19.10.2022 | 1680 | 1802 |
| 13 | 20.10.2022 | 1630 | 1632 |
| 14 | 21.10.2022 | 1627 | 1629 |
| 15 | 25.10.2022 | 1710 | 1802 |
| 16 | 26.10.2022 | 1661 | 1663 |
| 17 | 27.10.2022 | 1668 | 1671 |
| 18 | 28.10.2022 | 1666 | 1669 |
| 19 | 31.10.2022 | 1646 | 1649 |

Source: Bullionvault,

မှတ်ချက်။ e-trademyanmar မှ ရန်ကုန်၊ မန္တလေး ရွှေဈေးမတက်ပါသဖြင့် ဖော်ပြခြင်းမရှိပါ။ ဈေးနှုန်းထွက်ရှိပါက ပြန်လည်တင်ပြပေးပါမည်။

## ၂၀၂၂ အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 3.10.2022 to 7.10.2022 | 11.10.2022 to 14.10.2022 | 17.10.2022 to 21.10.2022 | 24.10.2022 to 31.10.2022 |
|---|---|---|---|---|---|
| မတ်ပဲ (2022 crop) | FAQ | 775-795 | 770-790 | 775-795 | 750-770 |
| | SQ | 915-935 | 905-925 | 910-930 | 890-910 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 835-885 | 835-885 | 835-885 | 825-875 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 935-985 | 935-985 | 935-985 | 925-975 |
| | အခွံပါ အခြမ်း | 785-835 | 785-835 | 785-835 | 775-825 |
| ပဲတီစိမ်း 2022 Crop | FAQ (အညာ) | 730-750 | 710-730 | 710-730 | 690-710 |
| | ရွှေဂါအသေး (Under 3.5 mm) | 800-825 | 800-825 | 800-825 | 800-825 |
| | ရွှေဂါအကြီး (Size 3.5 mm &up) | 990-1015 | 975-1000 | 975-1000 | 975-1000 |
| | ရွှေဂါအကြီး (Size 3.25 mm &up) | 920-945 | 920-945 | 920-945 | 920-945 |
| ပဲတီစိမ်း 2022 Crop | FAQ ပဲနှောက် | 570-620 | 570-620 | 550-600 | 550-600 |
| | SQ ပဲနှောက် | 730-780 | 730-780 | 700-750 | 700-750 |
| | အခွံပါအလုံးသေးအခြမ်း (အညာ) | 820-870 | 800-850 | 800-850 | 775-825 |
| | အခွံချွတ်အလုံးကြီးအခြမ်း (အညာ) | 975-1025 | 955-1005 | 955-1005 | 930-980 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 845-895 | 825-875 | 825-875 | 800-850 |
| ပဲစင်းငုံ (2022 crop) | အနီ (FAQ) | 835-855 | 835-855 | 835-855 | 835-855 |
| | ဖြူနီ /အဖြူ (FAQ) | - | - | - | - |
| | အခွံချွတ်အခြမ်း | 1175-1200 | 1175-1200 | 1175-1200 | 1175-1200 |
| ကုလားပဲဖြူလုံးကြီး | FAQ | 725-750 | 725-750 | 725-750 | 700-725 |
| | အခွံချွတ်အခြမ်း | 1025-1050 | 1025-1050 | 1025-1050 | 1020-1025 |
| ပဲလွန်းဖြူ | FAQ | 550-600 | 550-600 | 550-600 | 550-600 |
| | SQ | 670-700 | 670-700 | 670-700 | 670-700 |
| | အခွံချွတ်အခြမ်း | 800-820 | 800-820 | 800-820 | 800-820 |
| ပဲလွန်းနီ | FAQ | 640-670 | - | - | - |
| ပဲထောပတ် | FAQ | 750-770 | 750-770 | 750-770 | 670-690 |
| | အခွံချွတ်အခြမ်း | 850-870 | 850-870 | 850-870 | 775-800 |
| ပြောင်းဆံ | | 280-300 | 280-300 | 280-300 | 290-310 |
| နှမ်းဖြူ | | 1700-1750 | 1600-1650 | 1600-1650 | 1575-1625 |
| နှမ်းနက် (စမုံ) | | 1700-1750 | 1675-1725 | 1675-1725 | 1575-1625 |
| နှမ်းညို | | 1325-1375 | 1325-1375 | 1325-1375 | 1300-1350 |
| နှမ်းနက် (ရိုးရိုး) | | - | - | 1350-1400 | 1300-1350 |
| ပဲကြီး | | 1200-1225 | 1300-1325 | 1300-1325 | 1150-1175 |
| ပဲယင်း | | 675-700 | 625-650 | 625-650 | 600-625 |
| ဘိုကိတ် | | - | - | - | - |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်ဈေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 5.10.2022 to 11.10.2022 | 12.10.2022 to 18.10.2022 | 19.10.2022 to 25.10.2022 | 26.10.2022 to 1.11.2022 |
|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 390-395 | 390-395 | 390-395 | 390-395 |
| 2 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 385-390 | 385-390 | 385-390 | 385-390 |
| 3 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 380-385 | 380-385 | 380-385 | 380-385 |
| 4 | Myanmar Long Grain White Rice 20% Broken(well Milled Double Polished Sortexexd) | 375-380 | 375-380 | 375-380 | 375-380 |
| 5 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 370-375 | 370-375 | 370-375 | 370-375 |
| 6 | Myanmar Long Grain White Rice 5% Broken(Reasonable Well Milled) | 355-360 | 370-375 | 370-375 | 370-375 |
| 7 | Myanmar Long Grain White Rice 10% Broken(Reasonable Well Milled) | 350-355 | 365-370 | 365-370 | 365-370 |
| 8 | Myanmar Long Grain White Rice 15% Broken(Reasonable Well Milled) | 345-350 | 360-365 | 360-365 | 360-365 |
| 9 | Myanmar Long Grain White Rice 25% Broken(Reasonable Well Milled) | 340-345 | 355-360 | 355-360 | 355-360 |
| 10 | Myanmar Long Grain White Rice (Emata)25% Broken(Reasonable Well Milled) (for Africa) | 340-345 | 355-360 | 355-360 | 355-360 |
| 11 | Myanmar Long Grain Brown Rice 5% Broken | 340-350 | - | - | - |
| 12 | Myanmar Long Grain Brown Rice 10% Broken | 335-340 | - | - | - |
| 13 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 380-395 | 390-395 | 390-395 | 390-395 |
| 14 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 375-380 | 385-390 | 385-390 | 385-390 |
| 15 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 370-375 | 380-385 | 380-385 | 380-385 |
| 16 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 365-370 | 375-380 | 375-380 | 375-380 |
| 17 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 380-385 | 390-395 | 390-395 | 390-395 |
| 18 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 375-380 | 385-390 | 385-390 | 385-390 |
| 19 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 370-375 | 380-385 | 380-385 | 380-385 |
| 20 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 365-370 | 375-380 | 375-380 | 375-380 |
| 21 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 385-390 | 390-395 | 390-395 | 390-395 |
| 22 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 380-385 | 385-390 | 385-390 | 385-390 |
| 23 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 375-380 | 380-385 | 380-385 | 380-385 |
| 24 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 370-375 | 375-380 | 375-380 | 375-380 |
| 25 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 385-390 | 390-395 | 390-395 | 390-395 |
| 26 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 380-385 | 385-390 | 385-390 | 385-390 |
| 27 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 375-380 | 380-385 | 380-385 | 380-385 |
| 28 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 370-375 | 375-380 | 375-380 | 375-380 |
| 29 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 450-460 | 480-500 | 480-500 | 480-500 |
| 30 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 445-455 | 475-495 | 475-495 | 475-495 |
| 31 | Myanmar Long Grain Parboiled Brown Rice 5% Broken | 400-405 | 410-420 | 410-420 | 410-420 |
| 32 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 460-465 | 480-500 | 480-500 | 480-500 |
| 33 | Myanmar Glutinous Rice 5% Broken | 380-400 | 500-520 | 500-520 | 500-520 |
| 34 | Myanmar Glutinous Rice 10 % Broken | 360-380 | 490-500 | 490-500 | 490-500 |
| 35 | Myanmar Glutinous Rice 15 % Broken | 350-360 | 480-490 | 480-490 | 480-490 |

**Source: MRF**

## ၂၀၂၂၊ အောက်တိုဘာလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USd/ gal) | Narural Gas USD/ MMBtu) | Heating Oil (USd/ gal) |
|---|---|---|---|---|---|---|
| 1 | 3.10.2022 | 81.72 | 87.47 | 242.77 | 6.67 | 330.19 |
| 2 | 4.10.2022 | 83.81 | 89.21 | 253.23 | 6.48 | 337.14 |
| 3 | 5.10.2022 | 86.08 | 91.4 | 265.57 | 6.77 | 351.23 |
| 4 | 6.10.2022 | 87.97 | 93.57 | 265.26 | 6.97 | 367.57 |
| 5 | 7.10.2022 | 88.34 | 94.26 | 268.28 | 6.84 | 386.87 |
| 6 | 11.10.2022 | 90.79 | 95.98 | 261.09 | 6.52 | 384.58 |
| 7 | 12.10.2022 | 88.66 | 93.74 | 260.00 | 6.58 | 387.71 |
| 8 | 13.10.2022 | 87.16 | 92.48 | 260.91 | 6.45 | 387.45 |
| 9 | 14.10.1022 | 89.05 | 94.45 | 268.65 | 6.70 | 407.57 |
| 10 | 17.10.2022 | 86.07 | 92.15 | 263.33 | 6.29 | 404.73 |
| 11 | 18.10.2022 | 85.69 | 91.82 | 260.07 | 5.94 | 410.38 |
| 12 | 19.10.2022 | 83.81 | 90.59 | 257.45 | 5.74 | 299.82 |
| 13 | 20.10.2022 | 85.98 | 92.32 | 264.26 | 5.54 | 278.68 |
| 14 | 21.10.2022 | 85.98 | 92.72 | 265.73 | 5.33 | 276.33 |
| 15 | 25.10.2022 | 84.97 | 93.57 | 274.18 | 5.18 | 395.94 |
| 16 | 26.10.2022 | 94.79 | 92.74 | 288.79 | 5.70 | 394.66 |
| 17 | 27.10.2022 | 88.13 | 95.95 | 290.80 | 5.66 | 415.10 |
| 18 | 28.10.2022 | 88.01 | 96.14 | 297.10 | 5.78 | 433.23 |
| 19 | 31.10.2022 | 87.56 | 95.27 | 290.66 | 6.03 | 454.98 |

**Source: Bloomberg Commodities**

## ၂၀၂၂၊ အောက်တိုဘာလအတွင်း ရော်ဘာဈေးနှုန်း (၁၀၀ kg / ဒေါ်လာ)

| No | Date | LATEX | RSS | | TSR | |
|---|---|---|---|---|---|---|
| | | Malaysia Latex 60% | Bangkok RSS3 | Kottayam (India) RSS4 | Bangkok STR20 | Kuala Lumpur SMR20 |
| 1 | 01 Oct 2022 | * | * | 183.95 | * | * |
| 2 | 03 Oct 2022 | 103.39 | * | 184.75 | * | 136.00 |
| 3 | 04 Oct 2022 | 103.62 | * | * | * | 136.20 |
| 4 | 05 Oct 2022 | 104.06 | * | 186.65 | * | 136.70 |
| 5 | 06 Oct 2022 | 105.00 | * | 187.25 | * | 138.90 |
| 6 | 07 Oct 2022 | 104.66 | * | 187.50 | * | 138.45 |
| 7 | 08 Oct 2022 | * | * | 188.10 | * | * |
| 8 | 10 Oct 2022 | * | * | 188.10 | * | * |
| 9 | 11 Oct 2022 | 102.82 | * | 187.50 | * | 134.50 |
| 10 | 12 Oct 2022 | 101.49 | * | 186.65 | * | 134.20 |
| 11 | 13 Oct 2022 | 100.14 | * | 185.70 | * | 132.65 |
| 12 | 14 Oct 2022 | 99.78 | * | 185.70 | * | 133.00 |
| 13 | 15 Oct 2022 | * | * | 185.70 | * | * |
| 14 | 17 Oct 2022 | 99.82 | * | 185.70 | * | 132.70 |
| 15 | 18 Oct 2022 | 99.96 | * | 186.70 | * | 131.20 |
| 16 | 19 Oct 2022 | 100.34 | * | 186.95 | * | 130.70 |
| 17 | 20 Oct 2022 | 99.33 | * | 185.10 | * | 126.85 |
| 18 | 21 Oct 2022 | 98.75 | * | 184.65 | * | 126.20 |
| 19 | 22 Oct 2022 | * | * | 184.05 | * | * |
| 20 | 25 Oct 2022 | 98.05 | * | 183.65 | * | 125.05 |
| 21 | 26 Oct 2022 | 97.90 | * | 183.05 | * | 122.05 |
| 22 | 27 Oct 2022 | 99.37 | * | 182.65 | * | 121.70 |
| 23 | 28 Oct 2022 | 99.11 | 157.82 | 182.00 | 129.49 | 118.80 |
| 24 | 29 Oct 2022 | * | * | 181.40 | * | * |
| 25 | 31 Oct 2022 | 99.95 | 152.91 | 180.25 | 125.43 | 116.80 |

Source: Association of natural rubber producing countries

## ၂၀၂၂၊ အောက်တိုဘာလ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေဈေး(ဒေါ်လာ)

| No | Date | Dollar | |
|---|---|---|---|
| | | နံနက် | ညနေ |
| 1 | 3.10.2022 | 2900-2950 | 2800-2880 |
| 2 | 4.10.2022 | 2850-2900 | 2850-2900 |
| 3 | 5.10.2022 | 3050-3100 | 3080-3100 |
| 4 | 6.10.2022 | 2950-3000 | 2950-2970 |
| 5 | 7.10.2022 | 2850-2900 | 2780-2830 |
| 6 | 11.10.2022 | 2850-2900 | 2850-2900 |
| 7 | 12.10.2022 | 2900-2930 | 2910-2930 |
| 8 | 13.10.2022 | 2900-3000 | 2900-300 |
| 9 | 14.10.1022 | 2920-2970 | 2910-2960 |
| 10 | 17.10.2022 | 2900-2950 | 2900-2950 |
| 11 | 18.10.2022 | 2850-2900 | 2850-2900 |
| 12 | 19.10.2022 | 2830-2880 | 2830-2880 |
| 13 | 20.10.2022 | 2830-2880 | 2830-2880 |
| 14 | 21.10.2022 | 2830-2880 | 2830-2880 |
| 15 | 25.10.2022 | 2950-3050 | 3000-3050 |
| 16 | 26.10.2022 | 2950-3000 | 2950-3000 |
| 17 | 27.10.2022 | 3000-3050 | 2970-3030 |
| 18 | 28.10.2022 | 3000-3050 | 3000-3050 |
| 19 | 31.10.2022 | 3000-3050 | 2980-3000 |

Source: e trade Myanmar

## ၂၀၂၂၊ အောက်တိုဘာလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 3.10.2022 | 2100.0 | 55.068 | 295.11 | 1462.1 | 25.643 | 1446.6 |
| 2 | 4.10.2022 | 2100.0 | 55.933 | 295.11 | 1468.5 | 25.769 | 1451.2 |
| 3 | 5.10.2022 | 2100.0 | 56.127 | 295.11 | 1474.5 | 25.791 | 1453.3 |
| 4 | 6.10.2022 | 2100.0 | 56.255 | 295.11 | 1473.3 | 25.574 | 1451.0 |
| 5 | 7.10.2022 | 2100.0 | 56.157 | 295.11 | 1469.7 | 25.514 | 1449.6 |
| 6 | 11.10.2022 | 2100.0 | 54.995 | 292.65 | 1459.2 | 25.506 | 1440.9 |
| 7 | 12.10.2022 | 2100.0 | 55.154 | 292.90 | 1462.1 | 25.524 | 1434.4 |
| 8 | 13.10.2022 | 2100.0 | 55.460 | 292.20 | 1465.0 | 25.501 | 1430.6 |
| 9 | 14.10.1022 | 2100.0 | 54.902 | 291.70 | 1474.4 | 25.504 | 1422 |
| 10 | 17.10.2022 | 2100.0 | 54.923 | 291.56 | 1472.2 | 25.499 | 1412.3 |
| 11 | 18.10.2022 | 2100.0 | 55.14 | 291.69 | 1477.5 | 25.502 | 1408.8 |
| 12 | 19.10.2022 | 2100.0 | 54.923 | 290.64 | 1475.1 | 25.352 | 1405.2 |
| 13 | 20.10.2022 | 2100.0 | 54.952 | 290.43 | 1473.3 | 25.345 | 1401.3 |
| 14 | 21.10.2022 | 2100.0 | 54.766 | 289.86 | 1469.6 | 25.382 | 1391.7 |
| 15 | 25.10.2022 | 2100.0 | 54.823 | 287.32 | 1473.9 | 25.888 | 1410.3 |
| 16 | 26.10.2022 | 2100.0 | 55.644 | 292.56 | 1491.3 | 25.586 | 1427.1 |
| 17 | 27.10.2022 | 2100.0 | 55.489 | 290.18 | 1490.1 | 25.463 | 1434.6 |
| 18 | 28.10.2022 | 2100.0 | 55.460 | 289.35 | 1485.8 | 25.465 | 1421.3 |
| 19 | 31.10.2022 | 2100.0 | 55.212 | 287.74 | 1484.8 | 25.393 | 1416.1 |

Source: Central Bank of Myanmar